ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့ (4-4-2012) (၇၀၈၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

နေပြည်တော် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်မည် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ဖြစ်သည်နှင့်အညီ မြန်မာ့ယဉ်ကျေးမှုအား အလေးထားထိန်းသိမ်း

နေပြည်တော် ဧပြီ ၃

၁၃၇၃ ခုနှစ် နေပြည်တော် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်နှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတို့ တက်ရောက်အမှာစကားပြောကြားကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် ၁၃၇၃ ခုနှစ် နေပြည်တော် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နေပြည်တော် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဝင်များဖြစ်သော ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ နေပြည်တော်ဟိုတယ်များနှင့် ဆောက်လုပ်ရေးကုမ္ပဏီများမှ အုပ်ချုပ်မှုဒါရိုက်တာများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က အမှာစကားပြောကြားရာတွင် ၁၃၇၃ ခုနှစ် နေပြည်တော် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ယခင်နှစ်က ကျင်းပခဲ့သည့်အတိုင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ဗဟိုမဏ္ဍပ်တည်ဆောက်ပြီး ယိမ်းအကပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်များကလည်း မဟာသင်္ကြန်မဏ္ဍပ်များဆောက်လုပ်ပြီး ရေကစားခြင်း၊ တေးဂီတများ၊ ယိမ်းအကများဖြင့် ဖျော်ဖြေခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ဖြစ်သည်နှင့်အညီ ဝတ်စားဆင်ယင်မှုများ၊ တေးဂီတဖျော်ဖြေမှုများ၊ ယိမ်းအကများကို မြန်မာ့ယဉ်ကျေးမှုအား အလေးထားထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက နေပြည်တော် ဟိုတယ်ဇုန်ရှိ ရေကစားမဏ္ဍပ်များတွင် မြန်မာ့ရိုးရာမဟာသင်္ကြန် ကာလအစမှ သင်္ကြန်ကာလပြီးဆုံးသည့်တိုင်အောင် လုံခြုံရေးအား အထူးဂရုပြု အလေးထားဆောင်ရွက်ရန်နှင့် စည်းကမ်းတကျ ပျော်ရွှင်စွာ ရေသဘင်ပွဲတော်ကို ဆင်နွှဲနိုင်ရေးအတွက် ဟိုတယ်လုပ်ငန်းရှင်များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ နေပြည်တော် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကျင်းပရေး **စာမျက်နှာ ၉ ကော်လံ ၁ သို့❖**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် သူနာပြုတက္ကသိုလ်(ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပသည့် သစ်လွင်လက်ထောက်ဆရာဝန်များအတွက် အခြေခံအုပ်ချုပ်ရေး စီမံခန့်ခွဲရေးသင်တန်း (၁/၂၀၁၂) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လက်ထောက်ဆရာဝန်များဖြစ်လာရန် ငွေကုန်ကြေးကျများစွာ ရင်းနှီးခဲ့ရ နိုင်ငံသူ နိုင်ငံသားများ၏ ကျန်းမာရေးကို အလုပ်အကျွေးပြုကြရန် လိုအပ်

နေပြည်တော် ဧပြီ ၃

ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)၌ ဆောက်လုပ်ပြီးစီးသွားသည့် ဗာရာဏသီ ခြောက်ထပ်သံဃာ့ဆေးကုသဆောင်သစ်ကြီး ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂ ရက် နံနက် ၈ နာရီခွဲတွင် အဆိုပါ ဆေးကုသဆောင်သစ်ကြီး၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဗာရာဏသီ ခြောက်ထပ်သံဃာ့ဆေးကုသဆောင်ကြီးကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဂုဏ်ထူးဆောင်နာယက ဗိုလ်မှူးချုပ်တင့်ဆွေ (ငြိမ်း)နှင့် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က ကမ္ပည်းမော်ကွန်းကို ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ပက်ဖျန်းပေးကြကာ ဆေးကုသဆောင်နှင့် အထူးကြပ်မတ်ကုသခန်းများကို လှည့်လည်ကြည့်ရှု၍ ပြင်ပလူနာဌာနတွင် လာရောက်ပြသသည့် သံဃာတော်များအား ကြည်ညိုနှုတ်ဆက်အားပေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် နံနက် ၁၀ နာရီတွင် သူနာပြုတက္ကသိုလ်(ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပသည့် သစ်လွင်လက်ထောက်ဆရာဝန်များအတွက် အခြေခံအုပ်ချုပ်ရေး စီမံခန့်ခွဲရေးသင်တန်း (၁/၂၀၁၂) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ လုပ်ငန်းခွင်သို့ မကြာမီဝင်ရောက်တော့မည့် သစ်လွင်လက်ထောက်ဆရာဝန် စုစုပေါင်း ၄၈၇ ဦးတို့သည် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ရွေးချယ်ပြီး ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)တွင် ဖွင့်လှစ်သည့် အရာထမ်းလောင်း အခြေခံသင်တန်းအမှတ်စဉ်(၃၅)ကို တက်ရောက်အောင်မြင်ပြီးသူများဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနအောက်ရှိ ဆေးရုံပေါင်း ၉၁၅ ရုံတွင် အထူးကုဆရာဝန်များ (All Specialties) ၁၈၅၃ ဦး၊ လက်ထောက်ဆရာဝန် ၂၈၉၆ ဦးနှင့် အုပ်ချုပ်ရေး၊ ပြည်သူ့ကျန်းမာရေး၊ ရောဂါနှိမ်နင်းရေးဌာနများတွင် ၆၃၃ ဦး စုစုပေါင်း ၅၃၈၀ လက်ရှိ တာဝန်ထမ်းဆောင်လျက်ရှိပြီး ခုတင်(၂၀၀)နှင့်အထက် ပြည်သူ့ဆေးရုံကြီးများတွင် လက်ထောက်ဆရာဝန် ၁၈၄၁ ဦး လစ်လပ်လျက်ရှိကြောင်း။

ပြည်သူများကို ကျန်းမာရေးကဏ္ဍတွင် အလုပ်အကျွေးပြုကြမည့် သစ်လွင်လက်ထောက်ဆရာဝန်များအား နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်တာဝန်ပေးနိုင်မည်ဖြစ်၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်စွာ **စာမျက်နှာ ၅ ကော်လံ ၁ သို့◆**

ကြေးမုံစာတည်းရှုထောင့်

၄-၄-၂၀၁၂[ဗုဒ္ဓဟူးနေ့]။

အေးမြစေကြောင်း ရေစင်သွန်းလောင်း

နှစ်သစ်ကူးတော့မည့် တန်ခူးလရာသီ။ မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးသင်္ကြန်ပွဲတော် ကျင်းပကြတော့မည်။ တန်ခူးလအချိန်အခါ သမယသည် ရာသီဥတုသာယာလှပသည်။ အပူရှိန်ထန်ပြင်း နေခြည်လင်းလက် ထွန်းလင်းတောက်ပလျက်ရှိရာ လူတိုင်းအလိုရှိဆုံး၊ အတောင့်တဆုံးအရာမှာ အေးမြသောရေပင်။ မြန်မာ့နှစ်သစ်ကူးပွဲတော်တွင် ရေစင်ဖျန်းပက် ဆင်နွှဲကြမည်ဖြစ်သည်။

ရေသည် အပူကိုငြိမ်းစေအေးစေနိုင်သဖြင့် သင်္ကြန်ပွဲတော်အတွင်း တစ်ဦးနှင့်တစ်ဦး အေးမြသောရေ၊ မွှေးပျံ့သောရေတို့ဖြင့် သွန်းလောင်းကြခြင်း ဖြစ်သည်။ ထို့အတူ ရေသည် အညစ်အကြေးဟူသမျှကို သန့်ရှင်းစင်ကြယ်စေသဖြင့် သင်္ကြန်ရေပက်ဖျန်းခြင်းနှင့်အတူ သန့်ရှင်းစင်ကြယ်ကြပါစေ။ ကိုယ်စိတ်နှစ်ပါး ကြည်လင်ရွှင်ပျ ချမ်းမြေ့ကြပါစေကြောင်း ရည်ရွယ်ခြင်းများ ပါဝင်သည်။

ထို့အပြင် ရေသည် ခွဲခြား၍မရ၊ တစ်သားတည်း တစ်ပြင်တည်း တည်ရှိနေသကဲ့သို့ ပြည်သူအများ ရေကစားကြရာ၌ တစ်ဦးနှင့်တစ်ဦး တစ်စိတ်တည်း တစ်ဝမ်းတည်း စည်းလုံးညီညွတ်ခြင်းရလဒ်များ ဖြစ်ထွန်းနိုင်သည်။ ရင်းနှီးချစ်ကြည်မေတ္တာစိတ်ပြည့်ဝသည့် အနှစ်သာရများ ပြည့်လျှမ်းလျက်ရှိနေသည်။ မြန်မာ့သင်္ကြန်၏ မြတ်နိုးဖွယ်ရာဓလေ့များပင် ဖြစ်သည်။

သင်္ကြန်ပွဲတော်ကို ပုဂံခေတ်ဦးမှအစပြု၍ ကျင်းပလာခဲ့သည်။ တန်ခူးလတွင် သင်္ကြန်ပွဲဆင်နွှဲကြသည်။ မြန်မာ့ဆယ့်နှစ်လတွင် ပထမဦးဆုံးလ ဖြစ်သည်။ သင်္ကြန်ကာလနီးလျှင် မိုးတစ်ကြိမ် နှစ်ကြိမ် ရွာသွန်းတတ်သဖြင့် "တန်ခူးမည်မှတ် ဖက်ဆွတ်ရေတိုးသင်္ကြန်မိုး"ဟူ၍ ခေါ်ဆိုကြသည်။ သင်္ကြန်မိုး ရွာသွန်းဖြိုးသောအခါ ရွက်နုရွက်သစ် ပုရစ်ဖူးတို့ စိမ်းလန်းဝေဆာ အလှဖြာလာသည်။ သင်္ကြန်မိုးပြေးနှင့်အတူ ပိတောက်ပန်းတို့ ပင်လုံးညွတ်မျှ ဖူးပွင့်ကြသည်။ တန်ခူးလေသည် ကံ့ကော်ပန်း၊ ရင်ခတ်ပန်း၊ ပိတောက်ပန်းရနံ့များကို သယ်ဆောင်လာရာ ဝန်းကျင်အနှံ့ သင်းထုံမွှေးပျံ့ နေပေသည်။

ရှေးကာလက အတာသင်္ကြန်ရေကစားရာတွင် ငွေဖလားအတွင်း စန္ဒကူးနံ့သာ အမွှေးရည်များထည့်၍ မွှေးပျံ့သောရေစင်ဖြင့် ယဉ်ယဉ်ကျေးကျေး သွန်းလောင်းကြသည်။ တစ်ဦးကိုတစ်ဦး သပြေခက်ဖြင့် ရေဖျန်းပက် ကစားကြသည်။ အေးမြသောရေ၊ မွှေးပျံ့သောရေတို့ဖြင့် ရင်းနှီးခင်မင်စွာ သွန်းလောင်းဖျန်းပက်ကြရာ ရေပက်သူရော၊ ရေပက်ခံရသူတို့ပါ ပျော်ရွှင်ကြည်နူးကြရသည်။ ပျော်ရွှင်ဖွယ်ရာလှပသော မြန်မာ့သင်္ကြန်၏ ကောင်းမြတ်သော အစဉ်အလာများပင်ဖြစ်သည်။

မြန်မာ့သင်္ကြန်ပွဲတော်သည် နှစ်ဟောင်းမှ နှစ်သစ်သို့ကူးပြောင်းသည့် ပွဲတော်ဖြစ်သည်။ တန်ခူးလတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲ ဆင်နွှဲကြမြဲဖြစ်သည်။ တန်ခူးနွေကပူသည့်တိုင် တန်ခူးလေနှင့် ရာသီပန်းတို့အလှနှင့်အတူ ချမ်းမြေ့စွာ ရေကစားကြသည်။ ယဉ်ကျေးသောသင်္ကြန်၊ အစဉ်အလာကောင်းမွန်သောသင်္ကြန်ပွဲကို ကြည်လင်အေးမြသော သင်္ကြန်ရေဖြင့် ပျော်ပျော်ရွှင်ရွှင် ဆင်နွှဲနိုင်ကြမည်ဟု ရှုမြင်ပါသည်။ ။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူလူထုအား အသိပညာပေးရေးနှင့် ကမ်းရိုးတန်းဒေသများရှိ ဒီရေတောများထိန်းသိမ်းရေး ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေး

နေပြည်တော် ဧပြီ ၃

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့အခြေစိုက် World View International Foundation အထွေထွေအတွင်းရေးမှူး Dr. Arne Fjortoft နှင့်အဖွဲ့သည် ယမန်နေ့နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ညော့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူလူထုအား အသိပညာပေးရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်နှင့် အထူးသဖြင့် ကမ်းရိုးတန်းဒေသများရှိ ဒီရေတောများထိန်းသိမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့်အလားအလာများကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်နှင့် သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်တို့ တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့အခြေစိုက် World View International Foundation အထွေထွေအတွင်းရေးမှူး Dr. Arne Fjortoft နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၄-၄-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

၇း၀၀ တရားတော်
၈း၁၅ မြန်မာသင်္ကြန်
၄း၃၀ လျှပ်တစ်ပြက်
၄း၅၅ ရှေးဟောင်းသုတ
၅း၀၀ မြန်မာသင်္ကြန်
၅း၃၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
-မာယာနှုတ်ခမ်း(အပိုင်း-၁၅၇)
၆း၂၀ Mail Box
၆း၃၅ ကာတွန်းအစီအစဉ်
-စူပါဟမ်းစတား (အပိုင်း-၃၈)
၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
-ကွန်ဖူးဘုရင်ဘရုစ်လီ
(အပိုင်း-၂၁)
-ရယ်စရာပျော်စရာဟာသကမ္ဘာ
"ငါဘယ်သူလဲ"
(ဥသာမင်း၊ မေမြင့်မိုရ်၊ ခင်လှိုင်၊ ဒိန်းဒေါင်၊ ဝက်မ၊ မျိုးမျိုးခိုင်နှင့် သရုပ်ဆောင်များ)
[ဒါရိုက်တာ-စိန်လင်း(ပုံရိပ်ရွှေမြေ)]
-ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
"ငှက်ကလေးရဲ့ကွန်းခိုရာ"
(အပိုင်း-၂၃)
-ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၃ - ၄ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ(ကျပ်)	၈၁၈. ၀၀၀	၀. ၀၀၁၂၂
ထိုင်း (ဘတ်)	၃၀. ၈၂၅၁	၀. ၀၃၂၄၄
တရုတ် (ယွမ်)	၆. ၂၉၁၀၇	၀. ၁၅၈၉၆
အိန္ဒိယ (ရူပီး)	၅၀. ၇၀၇၈	၀. ၀၁၉၇၂
မလေးရှား (ရင်းဂစ်)	၃. ၀၅၄၈၀	၀. ၃၂၇၃၅
စင်ကာပူ (ဒေါ်လာ)	၁. ၂၅၁၆၆	၀. ၇၉၈၉၄
ဂျပန် (ယန်း)	၈၂. ၂၅၉၄	၀. ၀၁၂၁၆
တောင်ကိုရီးယား(ဝမ်)	၁၁၂၂. ၉၃	၀. ၀၀၀၈၉
ယူရို	၀. ၇၅၀၇၈	၁. ၃၃၁၉၅
ဗြိတိသျှ (ပေါင်)	၀. ၆၂၅၈၄	၁. ၅၉၈၃၆

အင်တာနက်။

မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ဒသမအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး ကျင်းပ

ရန်ကုန် ဧပြီ ၃

မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ဒသမအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ဧပြီ ၂ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်ရှိ ခန်းမကြီး၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်က အမှာစကား ပြောကြားသည်။ ယင်းနောက် ၂၀၁၀-၂၀၁၁ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို အတွင်းရေးမှူး ဦးဇော်မိုးခိုင်က ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။

ထို့နောက် ၂၀၁၂-၂၀၁၄ ခုနှစ်အတွက် ဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူ၊ အတွင်းရေးမှူး ဦးဇော်မိုးခိုင်တို့ ပါဝင်သည့် ၃၃ ဦးပါ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အမည်စာရင်းကို ဖတ်ကြားကြေညာကာ ဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ဒသမအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် ဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးမျိုးမြင့်က (၄၅)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးတင်ထွန်းဝေသို့ မိုးပွင့်အဆင့်(၂) စီမံချက်တွင် ဆောင်ရွက်ပြီးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပေးအပ်စဉ်။ (ကြေးမုံ)

ကြို့ပင်ကောက်မြို့မဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ကြိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ရဲကျော်စွာ ဦးဖြူဝင်းတို့ ပူးပေါင်းဆောင်ရွက်ကြစဉ်။ (ကြေးမုံ)

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၂၀/၂၀၁၂)
၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်
(၂၀၁၂ ခုနှစ်၊ ဧပြီလ ၃ ရက်)

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပြည်သူ့လွှတ်တော်ကြားဖြတ်ရွေးကောက်ပွဲ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲက ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၄၉ (ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

စဉ်	အမည်	မှတ်ပုံတင်အမှတ်	မဲဆန္ဒနယ်	ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ
စစ်ကိုင်းတိုင်းဒေသကြီး				
(၁)	ဒေါ်ခင်မွေးလွင်	၅/မကန(နိုင်) ၀၀၃၂၆၅	မင်းကင်း	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
တနင်္သာရီတိုင်းဒေသကြီး				
(၂)	ဒေါ်တင်တင်ရီ	၆/မအရ(နိုင်)၀၇၉၅၂၃	ကျွန်းစု	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

(ပုံ) တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၂၁/၂၀၁၂)
၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်
(၂၀၁၂ ခုနှစ်၊ ဧပြီလ ၃ ရက်)

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် အမျိုးသားလွှတ်တော် ကြားဖြတ်ရွေးကောက်ပွဲ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့်ယှဉ်တွဲပါ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

စဉ်	အမည်	မှတ်ပုံတင်အမှတ်	မဲဆန္ဒနယ်	ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ
စစ်ကိုင်းတိုင်းဒေသကြီး				
(၁)	ဒေါက်တာမြင့်နိုင်	၅/ကဘလ(နိုင်)၀၀၅၃၃၈	အမှတ်(၃)	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၂)	ဦးတင်မြ	၅/ဝသန(နိုင်)၀၁၇၂၂၉	အမှတ်(၇)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
ရှမ်းပြည်နယ်				
(၃)	ဦးစိုင်းစံမင်း	၁၃/လရန(နိုင်)၀၀၉၈၉၅	အမှတ်(၃)	ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ

(ပုံ)တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ရွှေမော်ဓောစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲတက်ရောက်ကြည့်ရှု

ရန်ကုန် ဧပြီ ၃

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းသည် ဧပြီ ၁ ရက် ညနေပိုင်းတွင် ပဲခူးမြို့ ရွှေမော်ဓောစေတီတော်ရင်ပြင် ကျောက်ပန်းတောင်းဓမ္မာရုံ၌ ကျင်းပသည့် (၂၅၉၄) နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုပြီး လျှပ်စစ်မီးတိုင်ထွန်းညှိပူဇော်၍ ပွဲတော်ကို ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

မော်တော်ယာဉ်အမျိုးအစားအလိုက် မူလတန်ဖိုးအပေါ် မှတ်ပုံတင်ခများ နှုန်းထားသတ်မှတ်

နေပြည်တော် ဧပြီ ၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် နိုင်ငံတော်အတွင်းသို့ တင်သွင်းလာသော မော်တော်ယာဉ်များကို ချောမွေ့စွာ အသုံးပြုရန်နှင့် လမ်းအန္တရာယ်ကင်းရှင်းမှု (Road Safety) ရှိစေရန် ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေ ပုဒ်မ ၃၊ မော်တော်ယာဉ်နည်းဥပဒေများ၏ နည်းဥပဒေ ၂၂ (က)နှင့် ၂၁၄ (ခ)တို့အရ မော်တော်ယာဉ်အမျိုးအစားအလိုက် မူလတန်ဖိုးအပေါ် မှတ်ပုံတင်ခကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသော နှုန်းထားများအတိုင်း သတ်မှတ်လိုက်ကြောင်း သိရှိရသည် -

(က) ကုန်တင်ယာဉ်များ (Light Truck, Truck, Dumper, Tanker, Refrigerated Van, Box Truck, Crane Truck, Logging Truck, Container Carrier Truck, Tractor Head) — (၅)ရာခိုင်နှုန်း

(ခ) ခရီးသည်တင်ယာဉ်(ဘတ်စ်) (ယာဉ်မောင်းအပါအဝင် (၁၅)ဦးနှင့်အထက်) — (၅)ရာခိုင်နှုန်း

(ဂ) လူစီးယာဉ် (Saloon, Jeep, Station Wagon, Pickup, Micro bus, Van, MPV, SUV)

- (၁) စက်စွမ်းအား၁၃၅၀ စီစီနှင့်အောက် — (၅၀)ရာခိုင်နှုန်း
- (၂) စက်စွမ်းအား ၁၃၅၁ စီစီမှ ၂၀၀၀ စီစီအထိ — (၈၀)ရာခိုင်နှုန်း
- (၃) စက်စွမ်းအား ၂၀၀၁ စီစီမှ ၅၀၀၀ စီစီအထိ — (၁၀၀)ရာခိုင်နှုန်း
- (၄) စက်စွမ်းအား ၅၀၀၁ စီစီနှင့်အထက် — (၁၂၀)ရာခိုင်နှုန်း

(သတင်းစဉ်)

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် (၁၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဧပြီ ၃

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ (၁၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဧပြီ ၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည်ဖြစ်သည်။

နှစ်ပတ်လည်အစည်းအဝေးသို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ အသင်းဝင်လုပ်ငန်းရှင်များ၊ ငါးမွေးမြူရေးလုပ်ငန်းရှင်များ၊ ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များ၊ အအေးခန်းစက်ရုံနှင့် ပြည်ပပို့ကုန်လုပ်ငန်းရှင်များ၊ ငါး/ပုစွန်အစာထုတ်လုပ်ရောင်းဝယ်သူများ၊ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များ၊ ကဏန်းလုပ်ငန်းရှင်များ၊ ငါးရှဉ့်လုပ်ငန်းရှင်များ၊ အလှမွေးငါးလုပ်ငန်းရှင်များ၊ ပညာရှင်များ၊ လုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များအား ဖိတ်ကြားထားသည်။ အဖွဲ့ချုပ်၏ အသင်းဝင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အစည်းအဝေးသို့ မပျက်မကွက် တက်ရောက်ကြရန် ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်မြင်တိုင်(ဗဟို)စံပြငါးဈေးကြီးမှ ရေချို ရေငန် ငါး၊ ပုစွန်များ ဖြန့်ဖြူးပေးနေ

သတင်းမြင်ကွင်း - ပွင့်ဦး(ရန်ကုန်) - သတင်းဓာတ်ပုံ - စောသိန်းဝင်း

ရန်ကုန် ဧပြီ ၃

တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် (ဗဟို)စံပြငါးဈေးကြီးမှ နေ့စဉ်ဖြန့်ဖြူးရောင်းချလျက်ရှိသော ရေချို ရေငန်ငါး၊ ပုစွန်ပိဿာချိန် ၁၆၆၃၆၆ ပိဿာ ထုတ်လုပ်ရောင်းချပေးလျက်ရှိကြောင်း (ဗဟို)စံပြငါးဈေးကြီးမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

(ဗဟို)စံပြငါးဈေးကြီးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်ရှိ ဈေးပေါင်း ၁၆၈ ဈေးအနက် (ဗဟို)စံပြငါးဈေးနှင့် (ကုန်စိမ်း)သီရိမင်္ဂလာဈေးတို့မှ ပြည်သူများ၏ စားသုံးမှုလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ၂၄ နာရီပတ်လုံး ဖွင့်လှစ်ပေးသော ဈေးများဖြစ်သည့်အပြင် ဧရာဝတီတိုင်းဒေသကြီးရှိ မြစ်ချောင်း၊ အင်းအိုင်များနှင့် မွေးမြူရေးကန်များမှ ငါး၊ ပုစွန်များနှင့် ပင်လယ်ရေငန်ငါးများကိုလည်း ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။

ကြည့်မြင်တိုင်(ဗဟို)ငါးဈေးကြီးတွင် ပုစွန်ပိဿာချိန် ၉၇၃၅၊ ရေချိုငါးပိဿာ ၁၄၁၁၄၅နှင့် ရေငန်ငါးပိဿာ ၉၈၀၀ စုစုပေါင်း ၁၆၆၃၆၆ ကို နေ့စဉ်စုဆောင်း ဖြန့်ဖြူးထုတ်လုပ်ရောင်းချပေးလျက်ရှိသည်။ ယင်းတို့အနက်မှ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ မန္တလေးတိုင်းဒေသကြီးရှိ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်ဆည်၊ မြစ်သား၊ တံတားဦး၊ မြစ်ငယ်၊ ကူမဲ၊ ဝမ်းတွင်း၊ အမရပူရ၊ တံခွန်တိုင်၊ မတ္တရာ စသည့်မြို့များနှင့် မြေလတ်မြို့များဖြစ်သော ပြည်၊ ပျဉ်းမနား၊ နေပြည်တော်၊ တောင်ငူ၊ မကွေး၊ အောင်လံ၊ သရက် စသည့် မြို့များအပြင် ရှမ်းပြည်နယ်ရှိ တောင်ကြီး၊ ဟဲဟိုး၊ ကလော၊ လားရှိုး၊ မူဆယ် စသည့် တရုတ်နယ်စပ်အထိ ရေချို ရေငန်ထွက် ငါး၊ ပုစွန်များကို ရေခဲရိုက်ပြီး အအေးခံဖော့ဘူးများနှင့် နေ့စဉ်မပြတ် ငါး၊ ပုစွန် ပိဿာချိန် ၂၇၀၀၀ ကို နယ်ပို့လုပ်ငန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကြည့်မြင်တိုင်မြို့နယ် (ဗဟို)စံပြငါးဈေးကြီးအတွင်း ရောင်းသူ၊ ဝယ်သူများဖြင့် စည်ကားလျက်ရှိစဉ်။

အနယ်နယ်အရပ်ရပ်မှ ရောင်းသူ၊ ဝယ်သူတို့ စက်လှေများဖြင့် ငါး၊ ပုစွန်များ တင်ဆောင်လာကြစဉ်။

ငါးများ ချိန်တွယ်ပြီး စနစ်တကျ ရေခဲရိုက်၍ နယ်သို့တင်ပို့ရန် ပြင်ဆင်နေကြစဉ်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး(ယာ)နှင့် အာမေနီးယားနိုင်ငံခြားရေးဝန်ကြီးတို့ နှုတ်ဆက်နေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရန်ကို စစ်ရေးအရ အရေးယူခြင်းမပြုရန် ရုရှားသတိပေး

ယီရီးဗန် (အာမေနီးယား) ဧပြီ ၃

အီရန်နိုင်ငံကို စစ်ပြုခြင်းအား ရုရှားနိုင်ငံခြားရေးဝန်ကြီးက ပြင်းထန်စွာဆန့်ကျင်သတိပေးလိုက်ကာ လက်ဦးမှုရယူတိုက်ခိုက်ခြင်းသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်းဖြစ်မည်ဟု ပြောကြားခဲ့သည်။

အာမေနီးယားနိုင်ငံသို့ အလည်အပတ်သွားရောက်သည့် ခရီးစဉ်တွင် ဆာဂျီလက်ရော့ဗ်က အီရန်နိုင်ငံကို တိုက်ခိုက်ခြင်းသည် ဒေသတွင်းကို မတည်မငြိမ်ဖြစ်စေမည်ဖြစ်သည်ဟု ပြောကြားသည်။

အီရန်နိုင်ငံကို နျူကလီးယားလက်နက်ပိုင်ဆိုင်ခြင်းမှ ကာကွယ်တားဆီးရန်အတွက် စစ်ရေးနည်းလမ်းအပါအဝင် နည်းလမ်းအဖုံဖုံကိုဖွင့်ထားကြောင်း အစ္စရေးနှင့် အမေရိကန်ပြည်ထောင်စုတို့က သတိပေးထားသည်။

ယူရေနီယံသန့်စင်ရေးအစီအစဉ်သည် အရပ်ဘက်လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးနှင့် သုတေသနအတွက်သာဖြစ်ကြောင်း အီရန်နိုင်ငံက အလေးအနက်ပြောကြားသည်။

သို့သော် အစ္စရေးနှင့် အနောက်အုပ်စုက နျူကလီးယားလက်နက်ထုတ်လုပ်ရေးအတွက် ဖုံးကွယ်ထားခြင်းမျှသာဖြစ်သည်ဟု ယုံကြည်ကြသည်။

အီရန်နိုင်ငံ၏ ပထမဆုံး နျူကလီးယားစက်ရုံကို တည်ဆောက်ပေးခဲ့သည့် ရုရှားနိုင်ငံသည် အီရန်နိုင်ငံအပေါ် ကုလသမဂ္ဂက ယခင်အရေးယူမှုအချို့ကို ထောက်ခံခဲ့သော်လည်း မကြာသေးမီလများအတွင်း အရေးယူမှုအသစ်များကိုမူ ပယ်ချခဲ့ပြီး ဆွေးနွေးညှိနှိုင်းအဖြေရှာကြရန်သာ တိုက်တွန်းခဲ့သည်။

အင်တာနက်။

မော်စကိုမြို့တောင်ပိုင်းမှ ဈေးတစ်ဈေးတွင် မီးလောင် အနည်းဆုံးလူ ၁၄ ဦးသေဆုံး

မော်စကို ဧပြီ ၃

ရုရှားနိုင်ငံ မော်စကိုမြို့တောင်ပိုင်းရှိ ဈေးတစ်ဈေး၌ ဧပြီ ၃ ရက်အစောပိုင်းက မီးလောင်မှုဖြစ်ပွားရာ လူ ၁၄ ဦးထက်မနည်းသေဆုံးခဲ့သည်ဟု ရုရှားအရေးပေါ်ဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

သေဆုံးသူများအားလုံးသည် တာဂျစ်ကစ္စတန်မှ အလုပ်သမားများဖြစ်သည်ဟု ကနဦးသတင်း၌ ဖော်ပြထားသည်။

ကာချာလိုစကိုင်ဈေး၌ မော်စကိုစံတော်ချိန် နံနက် ၄ နာရီ ၅၀ မိနစ်ခန့်(ကမ္ဘာ့စံတော်ချိန် ၀၀၅၀ နာရီ)တွင် မီးလောင်မှုဖြစ်ခဲ့ပြီး အဆိုပါ ဈေးနှင့်တွဲဆောက်ထားသော နှစ်ထပ်ဆောင် အလုပ်သမားတန်းလျားမှာ မီးလောင်ကျွမ်းခဲ့သည်။ ထိုတန်းလျားတွင် ပုံကျဈေးသည်များ နေထိုင်လျက်ရှိသည်။

နှစ်နာရီကြာငြိမ်းသတ်

မီးကူးစက်လောင်ကျွမ်းနေသော ဧရိယာမှာ စတုရန်းမီတာ ၆၀ ကျယ်ဝန်းပြီး မီးသတ်သမားရှစ်ဖွဲ့က နှစ်နာရီကြာငြိမ်းသတ်ခဲ့ရသည်ဟု အရေးပေါ်အခြေအနေဝန်ကြီးဌာနမှ တာဝန်ရှိသူက ပြောကြားခဲ့သည်။

မီးလောင်မှုဖြစ်နေချိန်တွင် အဆိုပါတန်းလျား၌ အလုပ်သမား ၁၅ ဦးရှိနေကြောင်း၊ လျှပ်စစ်ပစ္စည်းနှင့် ဝါယာလျှော့ကြောင့် မီးလောင်ခြင်းဖြစ်နိုင်ကြောင်း ဈေးအုပ်ချုပ်ရေးဌာနမှ တာဝန်ရှိသူက သတင်းထောက်များကို ပြောကြားခဲ့သည်။

အင်တာနက်။

ကရာချီလမ်းမပေါ်မှ အကြမ်းဖက်သမားများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကရာချီမြို့တွင် အကြမ်းဖက်မှုများ ခေါင်းမော့လာပြန် ရက်သတ္တပတ်အတွင်း လူ ၂၄ ဦးသေဆုံး

ကရာချီ ဧပြီ ၃

ပါကစ္စတန်နိုင်ငံ၏ အထင်ကရမြို့တော် ကရာချီတွင် ဆူပူအုံကြွမှုများထပ်မံပေါ်ပေါက်လာပြန်ရာ ရက်သတ္တပတ်အတွင်း အကြမ်းဖက်ခံရသူ ၂၄ ဦးထက်မနည်း သေဆုံးကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ဧပြီ ၃ ရက်တွင် ပြောကြားကြောင်း သတင်းတွင် ဖော်ပြသည်။

အမည်မဖော်လိုသူ လုံခြုံရေးတာဝန်ရှိပုဂ္ဂိုလ်က အကြမ်းဖက်ခံရမှုဖြစ်စဉ်အတွင်း လူ ၄၀ ခန့် ဒဏ်ရာရရှိသည်ဟု အေအက်ဖ်ပီသတင်းဌာနသို့ သတင်းပေးပို့သည်။

ပါကစ္စတန်ပြည်သူ့ပါတီ(ပီပီပီ)အဖွဲ့ဝင်များ၏ ခြေကုပ်စခန်းရှိရာ ယာရီဒေသတွင် ရဲတပ်ဖွဲ့နှင့် လူဆိုးဂိုဏ်းဝင်များဟု ယူဆရသူများအကြား အပြန်အလှန်ပစ်ခတ်ကြစဉ် မျိုးနွယ်စုဝင်များ သားကောင်ပမာဖြစ်ခဲ့ရကြောင်း တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

ကရာချီမြို့ရှိ နေရာအချို့တွင် အကြမ်းဖက်လုပ်ရပ်များ ရုတ်တရက်ပြန်လည်ခေါင်းထောင်လာပြီး ခြိမ်းခြောက်မှုများရှိနေသဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင်တပ်ဖွဲ့ဝင်များ ကင်းလှည့်စောင့်ကြပ်နေကြရကြောင်း ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆင်းဒ်ပြည်နယ်မှ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်က အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

လွန်ခဲ့သောရက်သတ္တပတ်အတွင်းမှာပင် အကြမ်းဖက်သူများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ကားစီးရေ ၅၀ ကျော် မီးလောင်ကျွမ်းခဲ့ရသည်။

အင်တာနက်။

မသေသေးသူကို သေပြီဟုဆုံးဖြတ်ခဲ့သည့် ဩစတြေးလျဆေးဝန်ထမ်းများအား စစ်ဆေးပြီ

မဲလ်ဘုန်း ဧပြီ ၃

ဩစတြေးလျနိုင်ငံတွင် ကားတစ်စီးမတော်တဆ တိမ်းမှောက်သွားခဲ့ရာ ကားမောင်းသူကို သေဆုံးသွားခဲ့ပြီဟု ဆေးဝန်ထမ်းများက ပြောကြားခဲ့ပြီးနောက် တစ်နာရီခန့်အကြာတွင် အသက်ရှင်လျက်ရှိကြောင်း တွေ့ရှိရသည့် ဖြစ်ရပ်တစ်ခုအား အာဏာပိုင်များက တနင်္လာနေ့တွင် စတင်စုံစမ်းစစ်ဆေးနေကြောင်း အေအက်ဖ်ပီက ဖော်ပြသည်။

မဲလ်ဘုန်းမြို့ ရပ်ကွက်တစ်ခုတွင် ပေါ်ရှေး (PORSCHE) အမျိုးအစား ကားတစ်စီးသည် အရှိန်လွန်တိမ်းမှောက်သွားခဲ့ရာမှ ကားမောင်းသူမှာ ယင်းပျက်စီးသွားသည့် ကားအတွင်း၌ ပိတ်မိနေခဲ့သည်။ အခင်းဖြစ်ပွားရာ နေရာ၌ပင် ဆေးဝန်ထမ်းတို့က ၎င်းအား ပြုစုကုသပေးခဲ့ကြပြီးနောက် သေဆုံးသွားသည်ဟု ပြောကြားခဲ့သည်။

ရဲတပ်ဖွဲ့က အဆိုပါယာဉ်တိမ်းမှောက်မှုကို လုပ်ရိုးလုပ်စဉ်အတိုင်း စစ်ဆေးနေစဉ် ဆေးရုံမှ လူနာတင်ယာဉ် ထွက်ခွာသွားပြီးနောက် ၎င်းယာဉ်မောင်းသူသည် ကားအတွင်း၌ တစ်နာရီမျှကြာသည့်တိုင် ရှိနေခဲ့သည်ဟု ဩစတြေးလျအသံလွှင့် ကော်ပိုရေးရှင်း (အေဘီစီ)က ပြောကြားသည်။

အမျိုးသားအရေးပေါ် အကူအညီပေးရေး စေတနာရှင်များက ကားမောင်းသူ၏ ရပ်အလောင်းသည် အနည်းငယ် သွေးခုန်နေကြောင်း တွေ့ရှိရသည့်အတွက် ကယ်ဆယ်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်။

လူနာတင်ယာဉ်သည် အခင်းဖြစ်ရာသို့ ပြန်လည်မောင်းနှင်လာခဲ့ပြီး လူနာကို ဆေးရုံသို့ သယ်ဆောင်သွားခဲ့သည်။

လူနာကို သေသွားစေနိုင်သည်အထိ ၎င်းတာဝန်ဝတ္တရားများကို ကျေပွန်စွာ မထမ်းဆောင်ခဲ့ကြသော ဆေးဝန်ထမ်းနှစ်ဦးအား စုံစမ်းစစ်ဆေးမှု စတင်နေပြီဟု ဆိုသည်။

အင်တာနက်။

ဂျပန်နိုင်ငံအနောက်ပိုင်း၌ တိုင်ဖုန်းမုန်တိုင်းတိုက် လူတစ်ဦးသေဆုံးပြီး ခရီးသွားလုပ်ငန်းများ ဖရိုဖရဲဖြစ်

တိုကျို ဧပြီ ၃

ဂျပန်နိုင်ငံအနောက်ပိုင်းတွင် ဧပြီ ၃ ရက်က အင်အားပြင်းထန်သောတိုင်ဖုန်းမုန်တိုင်းတိုက်ခတ်ခဲ့ရာ လေပြင်းတိုက်ခတ်မှုများနှင့် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် လူတစ်ဦးသေဆုံးခဲ့ပြီး ထောင်ပေါင်းများစွာသော ခရီးသွားများ သောင်တင်ခဲ့သည်။

တစ်နာရီလျှင် ကီလိုမီတာ ၁၅၀(၉၃ မိုင်)နှုန်းရှိသော လေပြင်းတိုက်ခတ်မှုများသည် ဂျပန်နိုင်ငံအနောက်ပိုင်းဒေသအတွက် စံချိန်တင်ဖြစ်ရပ်ဖြစ်ခဲ့သည့်နည်းတူ ကမ်းခြေဒေသများ၌လည်း အလားတူလေပြင်းများတိုက်ခတ်ခဲ့သည်ဟု ဂျပန်မိုးလေဝသအေဂျင်စီက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံ မိုးလေဝသအေဂျင်စီက ဂျပန်နိုင်ငံအနောက်ပိုင်းဒေသထက်ဝက်ခန့်တွင် လေဆင်နှာမောင်းများ ဖြစ်ပေါ်နိုင်ဖွယ်ရှိမည်ဟု သတိပေးထားပြီး လေကြောင်းခရီးစဉ် ၅၅၀ ခန့်နှင့် ရထားပို့ဆောင်ရေးလုပ်ငန်းများကို ဆိုင်းငံ့ထားခဲ့သည်။

ယင်းဖြစ်စဉ်အတွင်း တိုယာဟာစီရင်စုအလယ်၌ အသက် (၈၁) နှစ်အရွယ်ရှိ အဘိုးအိုတစ်ဦးသည် လေပြင်းတိုက်ခတ်ပြီး ပြိုပျက်ကျနေသည့် အဆောက်အအုံတစ်ခုအတွင်း ပိတ်မိသေဆုံးခဲ့သည်ဟု ရဲအဖွဲ့က ပြောကြားခဲ့သည်။ **အင်တာနက်။**

မုန်တိုင်းဒဏ်သင့်နေသော ကုန်ကားနှစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖိလစ်ပိုင် **ဖီဂျီကျွန်း နာဒီမြို့၌ ရေလွှမ်းနေစဉ်။** (ဓာတ်ပုံ-အင်တာနက်)

ဖီဂျီတွင် ရေကြီး၊ ငါးဦးသေဆုံး

ဖီဂျီကျွန်းစု ဧပြီ ၃

ပစိဖိတ်သမုဒ္ဒရာအတွင်းမှ ဖီဂျီကျွန်းစုနိုင်ငံတွင် ကြီးမားစွာ ရေလွှမ်းမိုးသဖြင့် ငါးဦးသေဆုံး၍ လူဦးရေ ၈၀၀၀ မှာ နေအိမ်များကို စွန့်ခွာ၍ယာယီတည်းခိုရန် ကယ်ဆယ်ရေးဌာနများသို့ ရောက်ရှိလာကြကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက အင်္ဂါနေ့တွင် ပြောကြားသည်။

ဖီဂျီကျွန်းစု၏ လူဦးရေထူထပ်ပြီး အကြီးဆုံးကျွန်းဖြစ်သည့် ဗီတီလီဗူးကို အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း ဒက်နီး ပြင်းထန်စွာ ဝင်ရောက်တိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းခဲ့သည်။

မုန်တိုင်းသည် ဖီဂျီ၏ တောင်ဘက်ပိုင်းကို အင်္ဂါနေ့တွင် ဖြတ်ကျော်မည်ဟု မျှော်လင့်ရသည်။ မြစ်ကြီးများ၊ ချောင်းများနှင့် မြေနိမ့်ပိုင်းဒေသများတွင် ဆက်လက်၍ ရေကြီးနေမည်ဖြစ်ကြောင်း ဖီဂျီမိုးလေဝသဌာနက ကြေညာသည်။

ဝန်ကြီးချုပ် ဟိုရီဂျူးဗိုင်နိုင်မာရာမားသည် အစိုးရအရာရှိကြီးများလိုက်ပါလျက် ရေကြီးသောဒေသများသို့ တနင်္လာနေ့က လှည့်လည်ကြည့်ရှုခဲ့သည်။

အင်တာနက်။

◆**ရှေ့ဖုံးမှ**

ကြိုဆိုဂုဏ်ပြုကြောင်း၊ သစ်လွင်လက်ထောက်ဆရာဝန်များ ဖြစ်လာရန် နိုင်ငံတော်က ငွေကုန်ကြေးကျများစွာ ရင်းနှီးခဲ့ရသည်ဖြစ်၍ သစ်လွင်လက်ထောက်ဆရာဝန်များအနေဖြင့်လည်း နိုင်ငံသူနိုင်ငံသားများ၏ ကျန်းမာရေးကို တစ်လှည့်ပြန်လည် အလုပ်အကျွေးပြုကြရန် လိုအပ်ကြောင်း။

ပြည်သူများ အားထားယုံကြည်ပြီး အရည်အသွေးပြည့်ဝ၍ ကျွမ်းကျင်သည့် ဆရာဝန်များဖြစ်လာစေရန် အဆင့်မြင့်ပညာသင်ယူနိုင်ရေးအတွက် နိုင်ငံတော်က ပံ့ပိုးပေးလျက်ရှိကြောင်း၊ ဘွဲ့လွန်သင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ တိုးတက်ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ အဆင့်မြင့်ဆေးပညာရပ်များကို စာတွေ့နှင့် လက်တွေ့ပါ ပြည်တွင်းပြည်ပ လေ့လာသင်ယူနိုင်စေရန် စီမံဆောင်ရွက်ပေးနေသကဲ့သို့ ဆေးရုံများအတွက် လိုအပ်မည့် ခေတ်မီစက်ပစ္စည်းကိရိယာ ဆေးဝါးများကိုလည်း ဝယ်ယူဖြည့်တင်းပံ့ပိုးပေးလျက်ရှိကြောင်း၊ မိမိတို့ကလည်း လုပ်ငန်းတာဝန်များကို လက်တွေ့ဆောင်ရွက်ကြရင်း ပြောင်းလဲတိုးတက်နေသည့် ဆေးပညာရပ်များအား စဉ်ဆက်မပြတ် လေ့လာဆည်းပူးကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး အထူးကြပ်မတ်ကုသခန်းသို့ သွားရောက်၍ မတ် ၁၇ ရက်တွင် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု ခံယူခဲ့သော လူနာ ဦးမိုးမင်းသိန်း (၄၅) နှစ်နှင့် ဧပြီ ၁ ရက်တွင် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုခံယူခဲ့သော လူနာ ဒေါ်သန်းသန်းဝင်း (၅၃)နှစ်တို့၏ ကျန်းမာရေးအခြေအနေများကို ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု လုပ်ငန်းကို ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတို့ ပူးပေါင်း၍ ပုံမှန်ဆောင်ရွက်ပေးလျက်ရှိနေပြီဖြစ်ရာ ဖေဖော်ဝါရီ ၂ ရက်က အစ်မဖြစ်သူ ဒေါ်ဥမ္မာအောင် (၃၃)နှစ်က မောင်ဖြစ်သူ ဦးဟန်ထွန်းနိုင် (၃၁)နှစ်အား ကျောက်ကပ်အစားထိုး ကုသပေးရာတွင် ဆီးနှင့် ကျောက်ကပ် ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာတိုးလွင် ဦးဆောင်သောအဖွဲ့၊ ကျောက်ကပ်အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာခင်မောင်ဌေး ဦးဆောင်သော ဆေးကုသမှုအဖွဲ့နှင့် မေ့ဆေးဆရာဝန်ကြီး ပါမောက္ခဒေါက်တာတင်မြင့် ဦးဆောင်သော မေ့ဆေးအထူးကုအဖွဲ့တို့က အောင်မြင်စွာ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး လူနာမှာ ဆေးရုံမှ ဆင်းသွားပြီဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသဖန်းဆိပ်ရေလှောင်တမံ၏ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် သဖန်းဆိပ်ရေလှောင်တမံ ရေဝင်ရောက်မှုနှင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၃

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် မတ် ၃၀ ရက် မွန်းလွဲပိုင်းတွင် ယင်းမာပင်မြို့နယ် သစ်ရာပင်ကျေးရွာ၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံပြီး ဝင်းကုန်းကျေးရွာ၌ မီးဘေးသင့် အိမ်ထောင်စုများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ မီးဘေးသင့်နေရာများ၊ အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် ညောင်ကိုင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မတ် ၃၁ ရက် နံနက်ပိုင်းတွင် ကန့်ဘလူမြို့နယ် တင်းကုတ်ကြီးကျေးရွာ၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ ထန်းကုန်း-ကာဘိုး မြေသားလမ်းဖောက်လုပ်နေမှုနှင့် ကင်းတပ်ရေလှောင်တမံ ရေဝင်ရောက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သဖန်းဆိပ်ရေလှောင်တမံ၏ ရေအားလျှပ်စစ် ထုတ်လုပ်နိုင်မှု၊ ပင်မရေပိုလွှဲနှင့် ရေဝင်ရောက်မှုတို့ကိုလည်းကောင်း၊ ကွန်းလှမြို့ ပြည်သူ့ဆေးရုံ ဓာတ်မှန်ဆောင် အဆောက်အအုံသစ်ဆောက်လုပ်နေမှုနှင့် ကင်းတပ်ရေလှောင်တမံ၏ လက်ယာမြောင်းတွင်သဲ၊ နုန်းများ ဆယ်ယူနေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျုံမငေးမြစ်အတွင်း လှေလှော်ပြိုင်ပွဲ ကျင်းပ

ဝါးခယ်မ ဧပြီ ၃

ဝါးခယ်မမြို့နယ် ကျုံမငေးမြို့ (၈၃)ကြိမ်မြောက် အတုလဗုဒ္ဓမဟာစွယ်တော်မြတ် ဗုဒ္ဓပူဇနိယပွဲတော်ကြီး၏ ပျော်ပွဲရွှင်ပွဲကျင်းပရေးကော်မတီက ကြီးမှူး၍ မတ် ၈ ရက် မွန်းတည့် ၁၂ နာရီတွင် ကျုံမငေးမြစ်အတွင်း လှေလှော်ပြိုင်ပွဲကို ကျင်းပရာ ပတ်ဝန်းကျင်ကျေးရွာအသီးသီးမှ လှေလှော်ပြိုင်ပွဲဝင် အသင်း ၂၀ တို့ အကြိတ်အနယ်ယှဉ်ပြိုင်ကြပြီး ပထမဆုရ ကြက်ဆင်ချောင်းကျေးရွာ ပါးပါးလေးအသင်းအား ဆုငွေကျပ်တစ်သိန်း၊ ဒုတိယဆုရ အောင်လှိုင်ကြီးကျေးရွာ ဒိုးလေးအသင်းအား ဆုငွေကျပ်ငါးသောင်း၊ တတိယဆုရ အောင်လှိုင်ကြီးကျေးရွာ ရွှေပုဇွန်အသင်းအား ကျပ်သုံးသောင်းစီကို ရဲအုပ်သန်းမြင့်၊ အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနှင့် ချင်းတွင်းစက်ပစ္စည်းရောင်းဝယ်ရေးမှ ဦးမောင်မောင်ကျော်တို့က ဆုများကို အသီးသီးပေးအပ်ကြသည်။**(ယာပုံ)**

(၁၈၂)

ရန်ကုန်မြို့ (၂၇)လမ်းနေ (ဦးရွှေဒင်္ဂါး)-ဒေါ်ကျင်တီတို့အား အမှူးထား၍ အောင်သပြေကုမ္ပဏီလီမိတက် (ဖယောင်းပုဆိုး၊ ကော်ဇောရောင်းဝယ်ရေး) မိသားစုက ပန်းတနော်မြို့နယ် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံနှစ်ရုံသို့ ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ ဆေးဝါးပစ္စည်းများ လှူဒါန်းပွဲကို မတ် ၇ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဦးနှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဒေါ်နှင်းနီလာတို့က ဆေးဝါးများ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (ကြေးမုံ)

ဥတုရာသီ တောကိုမှီ၏

အပြောင်းအလဲတစ်ခု

ခင်မောင်ဌေး(ပညာရေး)

ရန်ကုန်ရောက်ခဲ့သည့် နှစ်များအတွင်း မြို့ပတ်ရထား တစ်ကြိမ်သာ စီးဖူးသည်။ ကြည့်မြင်တိုင်ဘူတာမှ အင်းစိန်သို့ ဖြစ်သည်။ ထိုစဉ်က လူတစ်ဦး ၁၀ ကျပ်။ လက်မှတ်မဲ့ ဒဏ်ငွေ ၁၀၀။ အရောင်ဝါညစ်ညစ်နှင့် ခပ်ပြာပြာဆိုလျှင် မြို့ပတ်တွဲဆိုင်းမှန်း သိသာသည်။

ယခုရှစ်နှစ်ခန့်ကြာညောင်းပြီးမှ မြို့ပတ်ရထားစီးရန် အကြောင်းဖန်လာပြန်သည်။ အကြောင်းမှာ ဘူတာတစ်ဝိုက်တွင် အလုပ်လုပ်ရမည်ဖြစ်၍ မြို့ပတ်ရထားစီးရန်သာ အသင့်တော်ဆုံးဖြစ်နေသည်။ ရန်ကုန်ဘူတာကြီးသို့ ဝင်ရောက်မိသည်နှင့် မြို့ပတ်နှင့် လော်ကယ်ရထားများ အချိန်မခြားဘဲ ဝင်ချည်ထွက်ချည်ပြုနေသည်ကို တွေ့ရသည်။ တွဲဆိုင်းများမှာ ဝါညစ်ညစ်၊ ခပ်ပြာပြာ မပြောင်းလဲပါ။ ရထားခမှာ ခရီးစဉ် နှစ်ပိုင်းအတွက် ၁၀၀ ကျပ်၊ လက်မှတ်မဲ့ ဒဏ်ကြေး ၁၀၀၀ ကျပ်၊ ခရီးစဉ် နှစ်ပိုင်းဆိုသည်မှာ အသွားအပြန်စီးနိုင်သည်ကိုဆိုသည်။ ခရီးစဉ်တစ်ပိုင်းကိုသာ စီးနေရသူများအတွက် နေ့စဉ် ၅၀ ကျပ် နာသည်ဟု ပြောသံကြားရ၏။

ရန်ကုန်ဘူတာကြီးမှ စထွက်သည်။ လမ်းဘေးဝဲ၊ ယာမှ ဟိန်းနေသော အမှိုက်သရိုက်ပုံကြီးများက ကြိုဆိုကြကုန်၏။ လမ်းဘေးဝဲ၊ ယာတွင် စိမ်းစိမ်းစိုစို အပင်ကြီးငယ် ချုံနွယ်ပိတ်ပေါင်းရှိ၏။ ယင်းအပင်ချုံနွယ်တို့၏ အခြေတွင်ကား အမှိုက်သရိုက်မျိုးစုံရှိ၏။ အဝတ်အစားဟောင်း၊ ထဘီဟောင်းတို့ အပင်တွင် ချိတ်နေ၏။ နတ်ကွန်းနတ်စင်၊ အုန်းသီးခြောက်များရှိ၏။ စောင်စုတ်၊ ဖိနပ်စုတ်၊ ထီးစုတ်တို့ရှိ၏။ အမှိုက်မျိုးစုံထုပ်ပိုး၍ အသေအချာစွန့်ပစ်ထား၏။ နေရာအနှံ့ ကြွပ်ကြွပ်အိတ်က မင်းမူနေ၏။ မြို့ပတ်ရထားသွားရာ လမ်းတစ်လျှောက်သည် ယင်းလမ်းဘေး နေထိုင်သူများနှင့် အနီးတစ်ဝိုက်နေသူများ၏ အမှိုက်စွန့်ပစ်ရာ အဓိကနေရာ ဖြစ်နေ၏။ အလုံဘူတာသို့ ရောက်သောအခါ ထိုင်၍မရတော့။ ကြမ်းပိုးများက သွေးအလှူခံနေကြ၏။ အချို့ခရီးသည်များမှာ သွားနေကျဖြစ်ဟန်တူသည်။ တချို့က စာရွက်ခေါက်ထူထူ၊ တချို့က ဆာလာအိတ်ကိုခေါက်၍ ထိုင်နေကြ၏။ ဂတ်ဗိုလ်ကြီး(ရထားထိန်း)ကို ကြည့်လိုက်သောအခါ သူလည်းကတ်ထူအပိုင်းခပ်ကြီးကြီးတစ်ခုကို ခင်း၍ ထိုင်နေသည်ကို တွေ့ရ၏။ တစ်ယောက်သောသူမှာ အလျှုအတန်းရက်ရောဟန်တူသည်။ ဘာမျှအခင်းမပါဘဲ စန့်စန့်ကြီး အိပ်နေ၏။ စာရေးသူမှာသာ ဣန္ဒြေမရ ဖြစ်နေ၏။

အချို့နေရာများတွင် သံလမ်းအောက်ခြေ၌ ကျောက်ခဲမရှိ၊ မြေသားအတိပေါ်တွင် အနိမ့်အမြင့် မညီမညာသွားနေ၏။ တချို့နေရာတွင် လမ်းအပိုရှိသော်လည်း သံလမ်းများမှာ ရွှံ့ထဲမြုပ်နေ၏။ အချို့နေရာတွင် ပြန်ပေါ်လာ၏။ ကြည့်မြင်တိုင်ဘူတာသည် ရှေးကပင် နာမည်ကြီးသော ဘူတာဖြစ်သည်။ မီးရထားတွဲဆိုင်းပေါင်း တစ်ဒါဇင်ကျော်မျှ ယှဉ်ပြိုင်ရပ်နားရန်အထိ ကျယ်ဝန်းလှသည်။ ဘူတာတစ်ဝင်းလုံး သန့်ရှင်း၍ အမှိုက်များ မီးရှို့ထားသည်ကို တွေ့ရ၏။ အများစုသော ဘူတာငယ်များကား အမှိုက်သရိုက်ကြားတွင် မြုပ်နေ၏။

စီး၍ မငြိမ့်ညောင်းလှသော်လည်း အေးအေးလူလူစီး၍ ရနိုင်သည်။ သွေးအလှူခံများကြောင့် တမေ့တမြောထိုင်ချင်၍မရ။ ပြတင်းပေါက်ဘေးတွင် ထိုင်၍ စိမ်းစိမ်းစိုစို မြင်ကွင်းကလေးအား ရှုမျှော်ချင်သော်လည်း အမှိုက်သရိုက် အနံ့များကား မရှူသာ၊ မရှိုက်သာ။ အဆိုးဆုံးမှာ မီးရထားသံလမ်းဘေး၌ စွန့်ပစ်ထားသော ခွေးသေပုပ်ကောင်များပင် ဖြစ်သည်။ ရထားဖြတ်သွားသည့်တိုင် အနံ့က ဆိုးရွားစွာလိုက်ပါနေ၏။ တစ်ချိန်က ရန်ကုန်မြို့တော်ကြီးအား သန့်ရှင်းကျန်းမာသော မြို့တော်အဖြစ် တည်ဆောက်ရန် စီမံချက် (Green, Clean and Healthy City Plan) ချမှတ်ခဲ့ဖူးသည်။ ယင်းစီမံချက် ပျက်ပြယ်သွားပြီဟု မကြားမိသေးပါ။ ဤသို့ဆိုလျှင် မြို့တော်နယ်နိမိတ်အတွင်း နေရာအားလုံးတွင် သက်ရောက်မှုရှိနေသေးသည်ဟု တွေးမိသည်။

မြို့ပတ်သံလမ်း အဆင့်အတန်းမြင့်မားရေး၊ လူစီးတွဲများ သန့်ရှင်းသပ်ရပ်၍ ကြမ်းပိုးကင်းစင်ရေး၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုအား အမှိုက်သရိုက်ကင်းရှင်းစွာဖြင့် သဘာဝအတိုင်း မြင်နိုင်ခွင့်ရရေးသည် မြို့ပတ်ရထားစီး၍ သွားနေရသည့်ပြည်သူအများ လိုလားကြမည့်အရာများ ဖြစ်နိုင်သည်။ လောလောဆယ်တွင်မူ ရထားစီးခ ကျပ် ၁၀ မှ ကျပ် ၁၀၀ တိုးမြင့်သွားခြင်းသာ သိသာထင်ရှားသော ပြောင်းလဲမှုတစ်ခုအဖြစ် တွေ့မြင်နိုင်ပါသည်။ ။

ကြေးမုံမြင်ကွင်း

ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာမှုရှိရန် ဟောပြောပွဲ၊ လက်ကမ်းစာစောင်၊ ပိုစတာ၊ တီဗွီ၊ ရေဒီယိုတို့မှ ပညာပေးဖော်ပြလျက်ရှိပြီး စည်းကမ်းချိုးဖောက်သူများကိုလည်း အရေးယူဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့ အချို့မီးပွိုင့်များ၌ ကားရပ်ထားစဉ် ဈေးရောင်းချသူတချို့ကြောင့် ယာဉ်မောင်းများ စိတ်အနှောင့်အယှက် ဖြစ်ကြရသည်။

ရန်ကုန်မြို့လယ်တွင် မျဉ်းကျားမှ လမ်းကူးမှုမရှိသူများကို အရေးယူရာတွင် ပင်စင်စားဝန်ထမ်းဟောင်းကြီးနှင့် ယာဉ်ထိန်းရဲတို့က လမ်းကူးမည့်သူများအား မျဉ်းကျားမှ ကူးကြရန် လမ်းလျှောက်၍ ကြိုတင်အသိပေးလျက်ရှိသည်ကို တွေ့ရစဉ်။

လွှမ်းစရာမို့ လွှမ်းကြသူနှင့် တန်ခူးသင်္ကြန်

ဝိသဇ္ဇက (ပဲခူး)

"...နှစ်လုံးပါဒ်စီ၊ နက္ခတ်ကယ်ညီသည်၊ ရာသီမိဿ၊ စိတြလဲ၊ ငွေလယာဉ်သာ၊ နေစကြာနှင့်၊ ရောင်ဝါတစ်ပြိုင်၊ တည့်မွန်းဆိုင်လို့၊ မဏ္ဍိုင်ဗဟို၊ လယ်လမ်းဘဲခိုကြတယ်..."

(စာဆိုတော် ဦးဖြေ၏ တန်ခူးလဘွဲ့လေးချိုး)

တန်ခူးလသည် မြန်မာလတစ်ဆယ့်နှစ်လတို့တွင် ထူးခြားမှုရှိသော ပထမဆုံးလဖြစ်သည်။ တန်ခူးလကို ပုဂံခေတ်ကျောက်စာတို့၌ ခေတ်ရေးထုံးအတိုင်းပင် တန်ခူးဟု ရေးထိုးထားသည်ကို တွေ့ရ၏။ နောက်ပိုင်းခေတ်များတွင် တန်ခူးဟု လည်းကောင်း၊ တာကူးလဟုလည်းကောင်း ရေးသားလာကြသည်ကို တွေ့ရ၏။ တချို့ကမူ "တန်ခူး"သည် "တာကူး" မှ ဆင်းသက်လာသည်ဆို၏။ "တာ"သည် အချိန်ရာသီဟု အနက်ထွက်သည်။ "ကူး"မှာ ကူးပြောင်းသည်ဟု အဓိပ္ပာယ်ရသည်။ "တာကူး" ခေါ်တွင်ရာမှ တန်ခူးသို့ ရွေ့လျောလာခဲ့သည်ဟုဆို၏။ တန်ခူးလသည် ရာသီအလိုအားဖြင့် မိဿရာသီဖြစ်၏။ စိတြနက္ခတ်နှင့် စန်းယှဉ်ပြကာ အာဘဝတီနက္ခတ်နှင့်နေမင်းတို့ ယှဉ်ကြသည်။ ဆိတ်သတ္တဝါသဏ္ဌာန် ရာသီရုပ်ဖြစ်ပြီး တံငါ တာယာထွန်းပ၏။

ဝသန္တရတုဖြစ်သော တန်ခူးလတွင် "တပေါင်းတန်ခူး ဝသန္တ၊ ဥဩတွန်သံ၊ တောင်လေထ၊ ချိုအေးဆိမ့်ဖန်၊ ကြေခဲပြန်၊ ရှောင်ရန် မှတ်ပါကြ။ တက်စာစားခြင်း၊ နေ့အိပ်ခြင်း၊ မယွင်း ရှောင်ကြ ဤကာလ" ဟူ၍ ရှောင်ကြဉ်ရန်တို့ကို ဖော်ပြလျက် "မျက်စဉ်းခတ်ကာ၊ နှာနှပ်ကာ၊ ပြုပါလယ်န၊ ကရမက်ပရုတ်အေး၊ သားလှကျေး၊ သွေး၍လိမ်းကြ ဤကာလ၊ ငန်ပူအစပ်၊ စွဲယူမှတ်၊ စားအပ်သည်သာ ဤအခါ" ဟု လိုက်နာဆောင်ရွက်ရန်တို့အား ဝသန္တရတု တန်ခူးကို တိုင်းရင်းဆေးပညာဖြင့် မှတ်သားလိုက်နာရလွယ်အောင် ဖော်ပြထားသည်။

လတန်ခူး၏ အလှထူးပုံကို ရှေးခေတ်ကျမ်းဂန်များက "ရမ္မက" ဟု ခေါ်ဝေါ်သုံးစွဲခဲ့ကြသည်။ အဓိပ္ပာယ်မှာ အထူးထူးသော အပွင့်အသီးတို့ဖြင့် ရှုချင်စဖွယ်ကောင်းသော လ၊ သာယာကြည်နူးဖွယ်ကောင်းသောလဟု ဆိုအပ်၏။ တန်ခူးရေကုန်၊ ကဆုန်ရေခန်းဆိုစကားအရ မြစ်ချောင်းအင်းအိုင်တို့တွင် ရေများပင် ခန်းခြောက်တတ်၏။ သစ်ရွက်တို့ကြွေကာ အကိုင်းအခက်တို့သည် ရိုးတံကျဲကျဲဖြစ်လျက်ရှိ၏။ "တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုး၊ သင်္ကြန်မိုး"ဟူသော မိုးအလင်္ကာနှင့်အညီ တန်ခူးလတွင် သင်္ကြန်မိုး၊ ဖက်ဆွတ်မိုးတို့ ရွာသွန်းတတ်သည်။ ထိုအခါ ရိုးတံကျဲကျဲအပင်တို့သည် ရွက်သစ်၊ ရွက်နုကလေးများဖြင့် စိမ်းလန်းဝေလွင်ငယ်ရုပ်တို့ ဆင်ကြပေတော့မည်။ မြေသင်းရနံ့တို့သည်လည်း သင်းတပျံ့ပျံ့ရှိချေပြီ။ လမ်းတစ်လျှောက် သင်းပါဘိ ဆန်းသလောက် မလင်းနိုင်ဘူး၊ ပန်းပိတောက်မင်းဟူ၍ ရင်ခတ်ကံ့ကော်ပျံ့သင်းလှိုင်ကာ ရနံ့ဖြာသည်။ ပိတောက်ဝါဝါတို့ဖြင့် တန်ခူးလကို အလှဆင်ထားခဲ့သည်။

တန်ခူးလ၏ လေးနက်သော သာယာမှုတို့ကို ရာသီအလှ၊ ပွဲတော်အလှ၊ ယဉ်ကျေးမှုအလှတို့ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် သီကုံးဖွဲ့ဆိုထားခဲ့ကြ၏။ သို့ဖြင့် စာဆိုတို့က တန်ခူးလအမြင်ကို ဖွဲ့ဆိုကြရာတွင် "...ပိုင်သမည့်ရှင်၊ မယ်သခင်လျှင်၊ မယ်ပြင်တထူး၊ သူတစ်ဦးသို့ မကျူးမကျော်၊ သစ္စာတော်နှင့် ညီလျော်နှိုင်းမျှ၊ ယခုကတည်း၊ နောက်မှ သွေဖည်၊ ရှိလိမ့်မည်ကို၊ ကြံစည်ယူဆ၊ စိုးနှင့်လှရှင်၊ ဘဝတိုင်းဆုံး၊ မြဲဆုလှုံသည်..."ဟူ၍ စာဆိုတော်ကြီး ဦးယာက အဖြည့်ခံရတုဖြင့် သစ္စာပြုကာ ပန်ထားသည်။ ဖိုးသူတော်ဦးမင်း၏ သဖြန်တွင် "...ဟောင်းရွက်ညှာ ခါလုစ်လို့၊ ကာသစ်ကယ်တဲ့နံ့ကြိုင်၊ သုတ်ဖြူးလေဆော်က၊ ပန်းကံ့ကော် ဝတ်မှုန်ကျင်း၊ သင်းပျံ့လို့လှိုင်..."ဟူ၍ ရွက်ဟောင်းကြွေကာ ကံ့ကော်တို့ပင် သင်းပျံ့ပုံကိုလည်းကောင်း၊ လူဦးမင်း၏ လေးချိုးတွင် "...ခါသင်္ကြန်ဝယ်၊ မျက်ဖျံဝရက်၊ ဥကင်မြတ်တွင်၊ နောတက်ကယ်ဂဏ်၊ ထုံသီတာနှင့်၊ မဟာသဘင်၊ ရေဖျန်းဆင်လို့..." ဟူ၍ ရေသဘင်ပွဲ ဆင်နွဲကြပုံကိုလည်းကောင်း၊ မဟာအတုလမင်းကြီးက "...နှစ်ဆန်းငယ် သင်္ကြန်၊ သစ်သစ်သာပန်တော့တယ်၊ နိုင်ငံကြော့ ပြည်သူမှာ၊ ပန်ဆုယူ တာရေသွန်းချိန်မို့၊ လွမ်းလှတယ်လေး..."ဟူ၍ နှစ်ကူးသင်္ကြန်မှာ အတာရေသွန်းချိန်ကို လွမ်းသခဲ့၏။

တစ်နည်းအားဖြင့် တန်ခူးလရာသီသည် လွမ်းဖွဲ့ရာသီဟု ခေါ်ဆိုနိုင်ပေသည်။ ဤလိုရာသီမျိုးတွင် "ပေါ်နွေလလျှင်၊ တောင်ကခြိမ့်မြူး၊ မင်းလွှင်ဦးနှင့်၊ ပျံ့ပျူးချုပ်သိုင်း၊ မုန်တိုင်းဆင်လို၊ တိမ်ညိုမှိုင်းထပ်၊ ပြက်လျှပ်ပြကာ၊ စိမ်းဝါမိုးပန်း၊ ထွေထွေစွန်းက၊ ရေသွန်းသာကြည်၊ ပျော်ရမည်ကို မြရည်သတ်မှတ်၊ ရောက်ခဲလတ်ဟု၊ ချစ်ထွတ်တင်သည်..." စသည်ဖြင့် အတာကူးသည့် တန်ခူးလသို့ရောက်လျှင် ဆုပန်ကာ အတာရေသွန်းပျော်ကြရမည့်အဖြစ်ကိုလည်း တမ်းတကြ၏။ သည်ကြားထဲ နတ်သျှင်နောင်က ဖော်ပြပါ "ပေါ်နွေလလျှင်ချီ" ရတုနှင့် လွမ်းစရာမို့ လွမ်းလျက်တန်ခူးအလွမ်းကို ခံစားနေခိုက် ချစ်သူရာဇဓာတုကလျာ မင်းသမီးအား "...ဆိုသရွေ့မူ၊ ဘယ်ဝေညာကူး၊ ပုံမထူးသည်၊ တန်ခူးလေနှင့် လျော်တော့သည်..." ဟူ၍ ကတိမတည်ဘဲ ဝေ့လည်ဝေ့လည် လုပ်တတ်ကြောင်းကို တန်ခူးလတွင် တိုက်လေ့ရှိသော လေရူးပမာ ခိုင်းနှိုင်းတင်စားလျက် "ပြဆန်းမဆင်ချီ" ရတုဖြင့် ချစ်ဦးသူအတွက် ခံစားမှုငြိလွန်းရသည်ကို ရေးဖွဲ့ထားခဲ့သည်။

ဤသို့ သာယာသော လတန်ခူး နှစ်ဦးသင်္ကြန်၌ အတာရေသွန်းကာ ချစ်ဦးသူနှင့် ပျော်လိုကြ၍ မျှော်ကာတခဲ့သူလည်း ရှိလေသည်။ လွမ်းစရာမို့ လွမ်းကြသည်ဆိုသော်လည်း လတန်ခူး၏ အဓိကကို ဆက်လက်တင်ပြလိုပါသည်။ နှစ်ဦးသင်္ကြန်ပွဲတော်သည် တန်ခူးလ၏ အဓိကပွဲတော်ပင်ဖြစ်၏။

သင်္ကြန်ဟူသော ဝေါဟာရသည် "သင်္ကြာန္တ"ဟူသော သက္ကတပုဒ်မှ ပြောင်းလဲလာသည့် မြန်မာဝေါဟာရဖြစ်သည်ဟု ဝေါဟာရတ္ထပကာသနီနှင့် ဝေါဟာရလိနတ္ထဒီပနီကျမ်းတို့၌ ဖော်ပြထား၏။ မြန်မာစကားစစ်စစ်ဖြစ်ပေသည်။ သင်္ကြန်ဖြစ်ပေါ်လာခြင်းနှင့်ပတ်သက်၍ ဝေဒပညာရှင်တို့က တနင်္ဂနွေဂြိုဟ်မင်းသည် တန်ခူးလမိဿရာသီ ပထမနဝင်းမှစ၍ တပေါင်းလ မိန်ရာသီ၏ အဆုံးနဝင်းဖြစ်သော ရေဝတီနက္ခတ်သို့အရောက်တွင် နက္ခတ်နဝင်းပေါင်း ၁၀၈ နဝင်း လပေါင်း ၁၂ လ၊ ရက်ပေါင်း ၃၆၅ ရက်ကြာခဲ့ကာ တစ်ပတ်လည်ခဲ့၏။ မိန်ရာသီ၏ အဆုံးနဝင်းဖြစ်သော ရေဝတီနက္ခတ်မှ မိဿရာသီ၏ အစနဝင်းဖြစ်သည့် အဿဝတီနက္ခတ်သို့ ကူးပြောင်းချိန်ကျရောက်သည်။ ယင်းသို့ တနင်္ဂနွေဂြိုဟ်မင်းမိန်ရာသီမှ မိဿရာသီသို့ ကူးပြောင်းချိန်ကျရောက်သည်ကို သင်္ကြန်ကျသည်ဟု ဗေဒင်ရှုထောင့်အရယူဆကြ၏။

သင်္ကြန်ဆိုသည်မှာ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်း အဓိပ္ပာယ်သက်ဝင်လျက်ရှိ၏။ နှစ်သာလျှင် ပြောင်းလဲသည်မဟုတ်၊ ရွက်ဟောင်းများကြွေ၍ ရွက်သစ်များဝေလျက် သစ်ပင်ပန်းပင်များလည်း အသစ်တစ်ဖန်ပြောင်းလဲကြသည်ကို တွေ့ရမည်ဖြစ်၏။ တချို့သောပညာရှင်များက သင်္ကြန်သည် ကောင်းကျိုးမင်္ဂလာကြန်အင်လက္ခဏာတိုးပွားလာစေရန် ပြုလုပ်ခြင်း အနက်ထွက်သည်ဆို၏။ ဤအဆိုအမိန့်ကို အထောက်အကူပြုသော အကြောင်းတစ်ရပ်ရှိ၏။

ရှေးမြန်မာဘုရင်များ ဦးခေါင်းဆေးမင်္ဂလာ ပြုလုပ်ကြသည်ကို သင်္ကြန်ခေါ်သည်ဟု သုံးနှုန်းလေ့ရှိခြင်းပင်ဖြစ်သည်။ တစ်ပတ်လျှင် တစ်ကြိမ်လျှော်သော "ပကတိသင်္ကြန်" ဂြိုဟ်စီး၊ ဂြိုဟ်နင်း ညှံ့ဖျင်းသောအခါ အန္တရာယ်ပျောက်၍ ဘုန်းတော်တောက်ရန် လျှော်လေ့ရှိသော "သင်္ကြန်လတ်"နှင့် ဘိသိက်ခံယူသည့်အခါ လျှော်လေ့ရှိသော "မဟာသင်္ကြန်" ဟူ၍ သင်္ကြန်သုံးမျိုးပင်ရှိ၏။ ဤသည်ကို ထောက်ရှုသောသင်္ကြန်အခါ ရေပက်ကစားခြင်း၊ ခေါင်းဆေးခြင်းပြုလုပ်ကြသည်မှာ အဆိုးကို ပျောက်စေပြီး အကောင်းရောက်စေရန် ရည်သန်၍ ပြုလုပ်ခြင်းဖြစ်၏။ မကောင်းမှုဟူသမျှကို ပပျောက်၍ ကောင်းကျိုးဟူသမျှ တိုးပွားလာစေရန် သုတ်သင်ဆေးကြောခြင်းသဘောပင် ဖြစ်၏။

သင်္ကြန်အခါတွင် ရေပက်ကစားသောဓလေ့သည် သာကီဝင်မင်းမျိုးတို့က စသည်ဟု ယူဆ၏။ သာကီဝင်မင်းမျိုးတို့ ရေပက်ဖျန်းကစားလေ့ရှိကြကြောင်း ကျမ်းဂန်များ၌ တွေ့ရသည်။ ကပိလဝတ်ပြည်က သာကီဝင်မင်းတို့သည် ရေအိုင်ကြီးများတွင် ရေဖျန်းသဘင် ပျော်ရွှင်စွာကစားကြကြောင်း၊ ထိုရေအိုင်သည် သာကီဝင်မင်းတို့ ရေကစားရာ အိုင်ဖြစ်သောကြောင့် ဒေဝဒဟ အမည်ရကြောင်း၊ နောင်အခါ ရေကစားလာကြသော သာကီဝင်မင်းတို့သည် ကပိလဝတ်ပြည်သို့ မပြန်ကြတော့ဘဲ ရေအိုင်အနီး၌ မင်းတဲများ ဆောက်လုပ်နေထိုင်ကြရာမှ ဒေဝဒဟခေါ်ဆိုသည့် တိုင်းပြည်တစ်ပြည် ဖြစ်လာကြောင်း ဥပရိပဏ္ဏာသအဋ္ဌကထာဒေဝဒဟသုတ်၌ ဖွင့်ဆိုထား၏။

ပုဂံခေတ်၌လည်း နရသီဟပတေ့ခေါ် ပုဂံမင်းသည် နွေလအခါ မြစ်ဆိပ်တွင် မင်းတဲဆောက်လျက် မိဖုရား မောင်းမမိဿံတို့နှင့်အတူ ရေဖျန်းသဘင် ဆင်ယင်ကျင်းပလေ့ရှိကြောင်း မှန်နန်းရာဇဝင်ကြီး၌ ပြဆိုထား၏။ ရေပက်ကစားခြင်းကို သာကီဝင်မင်းမျိုးနှင့် ရှေးခေတ်ဘုရင်များပင် အလေးအမြတ်ထားကာ ကျင်းပကြသည်။

ရေပက်ဖျန်းကစားခြင်းသည် အေးမြကြည်လင်ခြင်း၊ အညစ်အကြေးကို ဆေးကြောခြင်း၊ ရေသည်အကြားမထင် ဆက်စပ်နေခြင်း၊ ရေစင်ကဲ့သို့ အေးမြကြည်လင်စေလိုခြင်း၊ ရေကိုသား၍ အကြားမထင်သကဲ့သို့ အချင်းချင်း စည်းလုံးချစ်ခင်စွာ နေထိုင်ဆက်ဆံကြခြင်းတည်းဟူသော မွန်မြတ်သော ရည်ရွယ်ချက်များဖြစ်သည်။ ထိန်းသိမ်းစောင့်ရှောက်အပ်သော ယဉ်ကျေးမှုဖြစ်သည်ဟု သုံးသပ်ကြသည်။ ယင်းကဲ့သို့သော ကောင်းမြတ်သည့် ယဉ်ကျေးမှုကို အစွန့်ရှည် တည်တံ့နေအောင် ထိန်းသိမ်းရမည်ဖြစ်သည်။ ထိန်းသိမ်းရခြင်းကြောင့် လူမှုရေး၊ ဘာသာရေး၊ နိုင်ငံရေးတို့တွင် မည်မျှအကျိုးကျေးဇူးရသည်ကို မြန်မာလူမျိုးတိုင်း နားလည်ကြသည်။

မြန်မာနှစ်သစ်ကူးသင်္ကြန်ပွဲတော်သည် ကဆုန်ညောင်ရေသွန်းပွဲ၊ စာတော်ပြန်ပွဲ၊ ပဉ္စင်းခံရှင်ပြုပွဲ၊ ကထိန်ပွဲစသော ဘာသာရေးကို အခြေခံ၍ ကျင်းပသော ပွဲတော်မျိုးမဟုတ်ပါ။ လောကီရေးရာပွဲတော်သာ ဖြစ်၏။ နှစ်ဟောင်းမှ နှစ်သစ်သို့ အကူးအပြောင်းတွင် လူမျိုးတိုင်း မင်္ဂလာယူကြသည်။ မင်္ဂလာရှိအောင်လည်း လုပ်ကြသည်။ နှစ်သစ်ကူး သင်္ကြန်ပွဲတော်သည် လောကီရေးရာပွဲတော်ဖြစ်သကဲ့သို့ ဗုဒ္ဓဘာသာတရားတော်အရ ကုသိုလ်ရေးများကိုပါ ယှဉ်တွဲကာ ဆင်နွှဲသောအစဉ်အလာကောင်းတစ်ရပ်ကို ဖန်တီးခဲ့ကြခြင်းဖြစ်သည်။ ယင်းသို့ နှစ်ဦးချိန်ခါသမယတွင် အလှူဒါနပွဲများ ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲကြခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ ရဟန်းသံဃာတော်များအား ဆွမ်းဘောဇဉ်များ ကပ်လှူခြင်း၊ ဗုဒ္ဓရုပ်ပွားတော်များအား ရေသပ္ပာယ်ခြင်း၊ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ ဗုဒ္ဓတရားတော်ကို နာကြားခြင်း၊ သက်ကြီးရွယ်အိုများအား ခေါင်းလျှော်ပေးခြင်း၊ ဘိုးဘွားမိဘဆရာသမားစသူတို့အား ပူဇော်ကန်တော့ခြင်း၊ ငါးလွှတ်ခြင်း၊ ကျွဲ၊ နွားစသည့် တိရစ္ဆာန်များကို ဘေးမဲ့လွှတ်ခြင်း စသော ကုသိုလ်ကောင်းမှုများသည် မြတ်နိုးလေးစား ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်ဖွယ်ကောင်းသော နှစ်ကူးသင်္ကြန်ပွဲတော်၏ အနှစ်သာရများဖြစ်သည်။

မြန်မာဆယ့်နှစ်ရာသီပွဲတော်များတွင် နှစ်သစ်ကူးသင်္ကြန်ပွဲတော်သည် အခြားသော ရာသီပွဲတော်များထက် ပျော်ပါး ရွှင်မြူးဖွယ်ရာ ဖြစ်သကဲ့သို့ လွမ်းစရာမို့ လွမ်းကြသည်ဆိုသော်လည်း ကုသိုလ်ရေးကို မမေ့မလျော့ကြပါ။ ပျော်ပါးရင်း ကုသိုလ်ကောင်းမှုရသည်။ ကုသိုလ်ကောင်းမှုရရင်း ပျော်ပါးလေ့ရှိသည်။ ဤသည်မှာ မြန်မာတို့၏ နှစ်သက်ဖွယ်ကောင်းသော ယဉ်ကျေးမှုဓလေ့ပင်ဖြစ်ပေတော့၏။ ။

၁၃၇၃/ ၁၃၇၄ ခုနှစ်အတွက် မဟာသင်္ကြန်အခါတော်နှင့် (အကျ-အကြတ်-အတက်)ရက်နှင့် မြန်မာ-ရခိုင်-ဝါဆို-ဝါကပ်-လ-ရက်များ

၁။ **မဟာသင်္ကြန် အကျရက်**
- ဇယတု- မြန်မာသက္ကရာဇ်-၁၃၇၃ ခုနှစ်၊ နှောင်းတန်ခူးလဆုတ် (၇)ရက်၊ သောကြာနေ့
- ရခိုင်သက္ကရာဇ်-၁၃၇၃ ခုနှစ်၊ ပထမတာကူးလဆုတ်(၇)ရက်၊ သောကြာနေ့။
- ခရစ်နှစ် ၂၀၁၂ ခုနှစ် ဧပြီလ ၁၃ ရက်၊ သောကြာနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ မြန်မာစံတော်ချိန် ညစက် ၉နာရီ၊ ၅၃မိနစ်၊ ၂၆ စက္ကန့်အချိန်တွင် မဟာသင်္ကြန်အကျရက် ဖြစ်သည်။

၂။ **မဟာသင်္ကြန် အကြတ်ရက်**
- မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ်၊ နှောင်းတန်ခူးလဆုတ်(၈)ရက်-(၉)ရက်
- ရခိုင်သက္ကရာဇ် ၁၃၇၃ ခုနှစ်၊ ပထမတာကူးလဆုတ်(၈)ရက်-(၉)ရက်
- ခရစ်နှစ် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁၄ ရက်၊ စနေနေ့
- ခရစ်နှစ် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁၅ ရက်၊ တနင်္ဂနွေနေ့တို့သည် မဟာသင်္ကြန်အကြတ်(၂)ရက် ဖြစ်သည်။

၃။ **မဟာသင်္ကြန်အတက်ရက်**
- မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ်၊ နှောင်းတန်ခူးလဆုတ် (၁၀)ရက်
- ရခိုင်သက္ကရာဇ် ၁၃၇၃ ခုနှစ်၊ ပထမတာကူးလဆုတ်(၁၀)ရက်
- ခရစ်နှစ် ၂၀၁၂ ခုနှစ် ဧပြီလ ၁၆ ရက် တနင်္လာနေ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ မြန်မာစံတော်ချိန် နံနက် စက် ၁- နာရီ၊ ၅၈ မိနစ်၊ ၇ စက္ကန့်အချိန်တွင် မဟာသင်္ကြန်အတက်ရက်ဖြစ်သည်။

၄။ **မြန်မာ-ရခိုင်-နှစ်ဆန်း ၁ ရက်**
- မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ်၊ ဦးတန်ခူးလဆုတ် ၁၁ ရက်
- ရခိုင်သက္ကရာဇ် ၁၃၇၄ ခုနှစ်၊ ပထမတာကူးလဆုတ် ၁၁ ရက်
- ခရစ်နှစ် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ အင်္ဂါနေ့သည် မြန်မာ-ရခိုင်-နှစ်ဆန်း ၁ ရက်နေ့ ဖြစ်သည်။

၅။ **ဝါဆို-ဝါကပ်-လ-ရက်များ**
- မြန်မာ- ၁၃၇၄ ခုနှစ်တွင် အဓိမာသ(ပုဋ္ဌာမိဟာသ)ကိန်းကြုံသောကြောင့် ဗုဒ္ဓဘာသာသာသနာတော် ဝန်ထမ်း ရဟန်းတော်အရှင်သူမြတ်တို့မှာ
- မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက် (ခရစ်နှစ် ၂၀၁၂ ခုနှစ်- ဩဂုတ်လ-၃ ရက်)သောကြာနေ့
- ရခိုင်သက္ကရာဇ် ၁၃၇၄ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက် (ခရစ်နှစ် ၂၀၁၂ ခုနှစ်-ဩဂုတ်လ- ၃ရက်)သောကြာနေ့တွင် ပထမပုရိမဝါကပ်ဆိုတော်မူကြ၍
- မြန်မာရခိုင် ၁၃၇၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်(ခရစ်နှစ် ၂၀၁၂ ခုနှစ်-စက်တင်ဘာလ-၂ ရက် တနင်္ဂနွေနေ့တွင် ဒုတိယပစ္ဆိမဝါကပ်ဆိုတော်မူကြပါရန် ဖြစ်ပါသည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၆-၄-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ပရိတ်တရားတော်
၈း၁၀	၂။	"အလင်းအားများရဲ့ စွမ်းအင်သစ် ရွှေကျင်ရေအားလျှပ်စစ်"
၈း၂၀	၃။	ခါသင်္ကြန်အဆိုအကများ
၈း၃၅	၄။	International News

ညပိုင်း

၄း၀၅	၁။	ခါသင်္ကြန်အဆိုအကများ
၄း၁၅	၂။	"အမျိုးနှင့်မျိုး"
၄း၄၀	၃။	ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီး ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
၄း၅၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - တတိယနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
၅း၂၅	၅။	ရောင်စုံရေးသီတေးပန်းချီ
၅း၄၀	၆။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၆း၀၀	၇။	ညနေခင်းသတင်း
၆း၁၅	၈။	ရွှေရင်ခုန်သံ
၇း၀၅	၉။	လက်တွေ့တင်ဆက် ကလေးတို့အိပ်မက်
၇း၃၀	၁၀။	အလင်္ကာဝတ်ရည်မဟာသင်္ကြန် "ပိတောက်ဖူးတဲ့တန်ခူးနွေ" (အပိုင်း-၁)
၈း၀၀	၁၁။	ပြည်တွင်းသတင်း
	၁၂။	**နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၄၄)**
	၁၃။	မြန်မာဗီဒီယိုဇာတ်လမ်း "ဒိုးကလေး" (မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်၊ ခင်လေးနွယ်) (ဒါရိုက်တာ-အောင်ဗပါဝါ)

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်၏ အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း (၂၀၁၂)ဖွင့်ပွဲကို မတ် ၂၂ ရက် နံနက် ၉ နာရီက ၁/ထူပါရုံရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနိုင်မြတ်ကျော်တို့ ဆေးထိုးမှုကို အားပေးကြစဉ်။ (ကြေးမုံ)

စာဖတ်ရှုနိုင်မြှင့်တင်ရေးနှင့် စာအုပ်လှူဒါန်းပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၃

မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော စာဖတ်ရှုနိုင်မြှင့်တင်ရေးနှင့် စာအုပ်လှူဒါန်းပွဲကို မတ် ၂၈ ရက် နံနက် ၁၀ နာရီတွင် မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအောင်မင်္ဂလာလူငယ်များစာကြည့်တိုက်၌ ကျင်းပရာ စာစီစာကုံးပြိုင်ပွဲနှင့် ဉာဏ်စမ်းပြိုင်ပွဲများတွင်ဆုရရှိသော ကျောင်းသားကျောင်းသူများအား တိုင်းဒေသကြီး သစ်တောနှင့်သတ္တုဝန်ကြီး ဦးသိန်းလွင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနက ကျေးရွာစာကြည့်တိုက် ၁၀ ခု၊ တိုင်းဒေသကြီးအစိုးရအဖွဲ့က ကျေးရွာစာကြည့်တိုက်ငါးခုတို့အတွက် သုတ/ရသစာအုပ်စာစောင်များ လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးမှန်သမျှသုံးတတ်က မုချမီးဘေးစဉ်ကင်းဝေး မသုံးတတ်ကမီးရန်က ဒုက္ခပေးလိမ့်မည်

စည်းကမ်းတကျ အမှိုက်စွန့်ပစ်ရေး မန္တလေးမြို့၌ အသိပေး

မန္တလေး ဧပြီ ၃

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီသည် မြို့နယ်နိမိတ်အတွင်း နေ့/ည မပြတ် သန့်ရှင်းရေးလုပ်သားများ၊ အမှိုက်သိမ်းယာဉ်များဖြင့် နေ့စဉ် အမှိုက်သိမ်းနေသော်လည်း စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများရှိနေသဖြင့် အမှိုက်ကန်များနှင့် လမ်းဆုံလမ်းခွများတွင် အမှိုက်ပုံများရှိနေရာ မြို့အလှကို ထိခိုက်စေသည်။ မြို့သူမြို့သားများအနေဖြင့် သတ်မှတ်အမှိုက်ကန်များနှင့် ခေါင်းလောင်းတီးအမှိုက်သိမ်းယာဉ်များလာချိန် နံနက် ၅နာရီမှ ၈ နာရီအတွင်း၊ ညနေ ၅နာရီမှ ည ၈ နာရီအတွင်း စည်းကမ်းတကျ စွန့်ပစ်ကြရန်နှင့် မြို့နယ်၊ ရပ်ကွက်များအတွင်း အမှိုက်သိမ်းယာဉ်များ လာရောက်သိမ်းဆည်းခြင်းမရှိပါက သန့်ရှင်းရေးဌာန ဌာနမှူး ဖုန်း-၀၉-၂၀၀၆၅၈၁၊ သန့်ရှင်းရေးဌာန ဖုန်း-၀၂-၇၂၀၀၃၊ ဌာနခွဲမှူးနယ်မြေ (၁) ဖုန်း-၀၉-၂၀၀၀၃၁၄၊ ဌာနမှူးနယ်မြေ (၂) ဖုန်း-၀၉-၉၁၀၀၆၀၈၅ နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများထံ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း သိရသည်။ မန္တလေးမြို့၌ အိမ်သုံးစွန့်ပစ်အမှိုက်၊ စားသောက်ဆိုင်စွန့်ပစ်အမှိုက်နှင့် ဈေးအမှိုက်များအပါအဝင် တစ်နေ့ ၃၂၅ တန်ခန့် စွန့်ပစ်ရကြောင်း သိရသည်။ (၆၅၃)

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်အတွင်းရှိ စိုက်ပျိုးမြေဧက ၃၀၀၀၀ ကျော် စိုက်ပျိုးရေရရှိရေးအတွက် တည်ဆောက်ပေးထားသော ပိုင်ကျုံရေထိန်းတံခါး။

ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးစွမ်းအား မြင့်မားတိုးတက်စေရန်အတွက် တည်ဆောက်ပေးထားသော ပိုင်ကျုံရေထိန်းတံခါးနှင့် ခပေါင်းရေလွှဲဆည်

ပဲခူးမြစ်ဝနှင့် ပိုင်ကျုံချောင်းမှ စီးရေကို စိုက်ပျိုးရေးအတွက် အထောက်အကူပြုရန် ပိုင်ကျုံရေထိန်းတံခါးက ဖော်ဆောင်ပေးသည်။

ပိုင်ကျုံရေထိန်းတံခါး

- ✳ ရေထိန်းတံခါးရွက်မှာ (၆ × ၁၂ = ၃၇) ပေါက်ရှိသည်။
- ✳ ရေသွယ်မြောင်းအလျားနှင့် ရေခေါ်မြောင်း ပေ ၁၇၀၀၀ ရှိသည်။
- ✳ ရေနုတ်မြောင်းမှာ ပေ ၈၅၀ ရှိသည်။
- ✳ ဤရေထိန်းတံခါးကြီး တည်ဆောက်လိုက်ခြင်းဖြင့် လယ်ယာမြေဧက ၃၀၀၀၀ ကျော်ကို အကျိုးပြုနိုင်သည်။
- ✳ ပိုင်ကျုံရေထိန်းတံခါးကို ပိုင်ကျုံချောင်းဝနှင့် ပဲခူးမြစ်ဆုံတွင် တည်ဆောက်ထားသည်။

ခပေါင်းရေလွှဲဆည်ကို တွေ့ရစဉ်။

ခပေါင်းရေလွှဲဆည်

- ✳ ခပေါင်းရေလွှဲဆည်မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး အမြင့် ၂၅ ပေ၊ အကျယ် ပေ ၁၅၀ ရှိသည်။
- ✳ လက်ယာတူးမြောင်းမကြီး အလျားမှာ ၁၄ ဒသမ ၄၀ မိုင်၊ လက်ဝဲတူးမြောင်းမကြီး၏ အလျားမှာ ၁၅ ဒသမ ၅၀ မိုင်ဖြစ်၍ စုစုပေါင်းအလျား ၂၉ ဒသမ ၉၀ မိုင်ရှိသည်။
- ✳ တောင်ငူမြို့နယ်မှ လယ်မြေဧက ၄၀၀၀၀ နှင့် အုတ်တွင်းမြို့နယ်မှ လယ်မြေဧက ၆၀၀၀၀ စုစုပေါင်းလယ်မြေဧက ၁၀၀၀၀၀ အား အကျိုးပြုသည်။

ခပေါင်းရေလွှဲဆည် ရေသိုလှောင်ထားရှိမှုကို တွေ့ရစဉ်။

ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ချေးငွေထောက်ပံ့ကူညီရေးဆိုင်ရာကိစ္စရပ်များနှင့် အနာဂတ် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေး

နေပြည်တော် ဧပြီ ၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား The Bank of Tokyo-Mitsubishi UFJ, Ltd. Tokyo ၏ General Manager of Asia and China Division Mr. Masato Miyachi နှင့် JICA ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Yoshio WADA တို့သည် ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၏ ညွှန့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ချေးငွေထောက်ပံ့ကူညီရေးဆိုင်ရာကိစ္စရပ်များနှင့် အနာဂတ် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။**(ယာပုံ)**

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ဗိုလ်ချုပ်အောင်ဆန်းနှင့် ကမ္ဘာကျော်တိုက်ပွဲဝင်အာဇာနည်များ

အတ္ထုပ္ပတ္တိစာပေလေ့လာလိုသူများအတွက် စာရေးဆရာ ဆရာချိန်(ပဲခူး)၏ "ဗိုလ်ချုပ်အောင်ဆန်းနှင့် ကမ္ဘာကျော် တိုက်ပွဲဝင် အာဇာနည်များ" စာအုပ် ထွက်ရှိလာသည်။

အမိနိုင်ငံတော် သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံကာ လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့ကြသော ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ အာဇာနည်လူထု ခေါင်းဆောင်တို့၏ အတ္ထုပ္ပတ္တိများကို ရသမြောက်စွာရေးဖွဲ့ထားသော စာအုပ်ဖြစ်သည်။

စာအုပ်ကို Wisdom House တိုက် ၁၁၉၁-၁၁၉၂ အခန်း(၁၀၁) လက်ဝဲမင်းဒင်လမ်း တာမွေမြို့နယ် ရန်ကုန် ဖုန်း-၀၉-၅၀၅၈၅၃၃၊ ၀၁-၅၄၅၀၃၆ တို့မှ တန်ဖိုးငွေကျပ် ၂၈၀၀ ဖြင့် ဖြန့်ချိကြောင်းသိရသည်။

မြန်မာပြည်သားကိုကို၏ ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် အပိုင်း(၂)စာအုပ်ထွက်ရှိ

မြန်မာပြည်သားကိုကို၏ ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် အပိုင်း(၂)စာအုပ်ကို ပုံရိပ်စာပေက ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

ကျော်ကြားသော စီစီဝမ်တာပန်တိုက်ပွဲအပါအဝင် တိုက်ပွဲကြီးများကို အသက်ဝင်အောင် ခံစားရေးဖွဲ့ထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါ စာအုပ်ကို တစ်အုပ်လျှင် တန်ဖိုး ငွေကျပ် ၂၈၀၀ ဖြင့် ပုံရိပ်စာပေ ဖုန်း-၀၉-၅၃၄၁၄၄၆ သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရှိရသည်။

မန္တလေးမြို့တော် စည်ပင်ဝန်ထမ်းများအား အရိုးပွရောဂါ ရှိ/မရှိ အခမဲ့ကျန်းမာရေးစစ်ဆေး

မန္တလေး ဧပြီ ၃

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာန ကျန်းမာရေးဌာနခွဲနှင့် Anlene အရိုးကျန်းမာရေးအဖွဲ့၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး Target ဆေးဆိုင်တို့ ပူးပေါင်း၍ မန္တလေးမြို့တော် စည်ပင်သာယာဌာန (၁၄)ခုရှိ ဝန်ထမ်းများအား အရိုးပွရောဂါ ရှိ/မရှိ အခမဲ့ ကျန်းမာရေး စစ်ဆေးပေးခြင်းကို မတ် ၃၀ ရက် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ကျန်းမာရေးဌာနခွဲ ဆေးခန်း၌ ကျင်းပရာ တာဝန်ခံဆရာဝန်ဒေါက်တာခင်မောင်ဦးနှင့် ဝန်ထမ်းများက ပံ့ပိုးကူညီပေးသည်။

အရိုးပွရောဂါသည် ခန္ဓာကိုယ်အတွင်းအရိုးများအတွက် လိုအပ်သော ကယ်လ်စီယမ်ဓာတ်များ လုံလောက်စွာမရသဖြင့် ဖြစ်ပွားသော ရောဂါဖြစ်ရာ ကယ်လ်စီယမ်မြင့်မားသော နို့နှင့် နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ ရွေးချယ်စားသုံးခြင်း၊ လေ့ကျင့်ခန်းပုံမှန်လုပ်ခြင်းဖြင့် ကာကွယ်နိုင်ကြောင်းသိရသည်။

(သီဟကိုကို-မန္တလေး)

နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၃

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၁၇) အနီးစခန်း အခြေခံပညာ အထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၄ ရက် နံနက် ၁၀ နာရီတွင် အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ခရိုင်အတွင်းရေးမှူး ဦးခင်မောင်ဝင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဋ္ဌေးအောင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ဋ္ဌေးဋ္ဌေးတို့က နှစ်ထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့နာယက ဦးခင်ဝင်းက နှစ်ထပ်ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်သည် နှစ်ထပ်ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါနှစ်ထပ်ကျောင်းဆောင်သစ်မှာ အလျား ပေ ၁၂၀ နှင့် အနံပေ ၃၀ ရှိ အုတ်ညှပ်အမျိုးအစား ဖြစ်သည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အနီးစခန်း တိုးကြိုးကုန်းကျေးရွာ ဘုတာချောင်း ချောင်းကူးတံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရပ်ကွက်ကြီး(၂၁) မိုးကြိုးကွက်သစ် အမှတ်(၁၉) အခြေခံပညာ မူလတန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ သွပ်မိုး၊ အုတ်ညှပ်၊ သမံတလင်းခင်း ခြောက်ခန်းတွဲ ကျောင်းဆောင်ဖြစ်သည်။

(သတင်းစဉ်)

AIR KBZ လေကြောင်းလိုင်း လေယာဉ်သစ်များဖြင့် မြို့ကြီးများသို့ တိုးချဲ့ပြေးဆွဲမည်

ရန်ကုန် ဧပြီ ၃

ပြည်တွင်းပုဂ္ဂလိကပိုင် လေကြောင်းလိုင်းတစ်ခုဖြစ်သော Air KBZ လေကြောင်းလိုင်း၏ တစ်နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားကို ဧပြီ ၂ ရက် ညပိုင်းတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ အခမ်းအနားသို့ Air KBZ လေကြောင်းလိုင်း နာယက ဦးတင်မောင်ထွန်း၊ Air KBZ လေကြောင်းလိုင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ နိုင်ငံခြားသံရုံးများမှ ဖိတ်ကြားထားသူများ၊ ပုဂ္ဂလိကလေယာဉ် လက်မှတ်အရောင်းကိုယ်စားလှယ်များ၊ Air KBZ လေကြောင်းလိုင်းအောက်ရှိ ဌာနအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ Air KBZ လေကြောင်းလိုင်းနာယက ဦးတင်မောင်ထွန်းက အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် အနုပညာရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ညစာဖြင့် တည်ခင်းဧည့်ခံသည်။

Air KBZ လေကြောင်းလိုင်းသည် ATR-72 (500) လေယာဉ် သုံးစင်းဖြင့် ပြည်တွင်းခရီးစဉ်များကို ပြေးဆွဲလျက်ရှိပြီး ပွင့်လင်းရာသီအမီ ATR-72 (500)လေယာဉ်တစ်စင်းနှင့် ATR-72 (600) လေယာဉ်တစ်စင်း ထပ်မံရောက်ရှိလာမည် ဖြစ်သည်။ အဆိုပါ ATR-72 (500) လေယာဉ်လေးစင်း၊ATR-72 (600) လေယာဉ်တစ်စင်း စုစုပေါင်း ငါးစင်းဖြင့် လက်ရှိပြေးဆွဲနေသော မန္တလေး၊ ရန်ကုန်၊ ညောင်ဦး၊ ဟဲဟိုး၊ သံတွဲ၊ စစ်တွေ၊ တာချီလိတ်၊ ကျိုင်းတုံ၊ လားရှိုး၊ မြိတ်၊ ထားဝယ်၊ ကော့သောင်း၊ မုံရွာ၊ ဟုမ္မလင်း၊ မြစ်ကြီးနား၊ နေပြည်တော်၊ ကလေးမြို့များအပြင် အခြားမြို့ကြီးများသို့ တိုးချဲ့ ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

နေပြည်တော်-ရန်ကုန်လမ်းပိုင်းနှင့် ရန်ကုန်-မန္တလေး လမ်းပိုင်း၌ သင်္ကြန်အထူးရထားများ အစုန်/အဆန် ပြေးဆွဲမည့်အစီအစဉ် ကြိုတင်အသိပေးကြေညာ

နေပြည်တော် ဧပြီ ၃

မြန်မာ့မီးရထားမှ သင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးအတွက် နေပြည်တော်-ရန်ကုန်လမ်းပိုင်းနှင့် ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် သင်္ကြန်အထူးရထားများ ပြေးဆွဲပေးမည်ဖြစ်သည်။

ဧပြီ ၅ ရက်တွင် သင်္ကြန်အစုန်အထူးရထားတစ်စင်းသည် မန္တလေးဘူတာမှ ရန်ကုန်ဘူတာသို့ ပြေးဆွဲမည်ဖြစ်ပြီး ၆ ရက်မှ ၈ ရက်အထိ သင်္ကြန်အထူးရထားနှစ်စင်းသည် ရန်ကုန်ဘူတာနှင့် မန္တလေးဘူတာတို့မှ တစ်နေ့လျှင် အစုန်တစ်စင်း၊ အဆန်တစ်စင်းပြေးဆွဲပေးမည်ဖြစ်သည်။ ရန်ကုန်-မန္တလေး အဆန်အထူးရထားသည် ရန်ကုန်ဘူတာမှ ညနေ ၄ နာရီတွင် စတင်ထွက်ခွာ၍ မန္တလေးဘူတာသို့ နောက်တစ်နေ့ နံနက် ၈ နာရီ မိနစ် ၄၀ တွင် ဆိုက်ရောက်မည်ဖြစ်ပြီး မန္တလေး-ရန်ကုန်အစုန်အထူးရထားသည် မန္တလေးဘူတာမှ ညနေ ၄ နာရီတွင် စတင်ထွက်ခွာ၍ ရန်ကုန်ဘူတာသို့ နောက်တစ်နေ့နံနက် ၈ နာရီ ၁၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။

ထို့ပြင် သင်္ကြန်ကာလအတွင်း နေပြည်တော်မှ ဝန်ထမ်းများနှင့် မိသားစုများအပါအဝင် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးအတွက် လက်ရှိ နေပြည်တော်-ရန်ကုန် ပြေးဆွဲနေသော အမှတ်(၃၂)အစုန်၊ အမှတ်(၈)အစုန် အမြန်ရထားနှစ်စင်းအပြင် အဆိုပါ အထူးရထားနှစ်စင်းကို ဧပြီ ၁၀ ရက်တွင် နေပြည်တော်-ရန်ကုန် ခရီးစဉ်အဖြစ် တိုးချဲ့ပြေးဆွဲပေးမည်ဖြစ်ရာ အစုန်အထူးရထား(၁)သည် နေပြည်တော်မှ ည ၇ နာရီခွဲတွင် ထွက်ခွာ၍ ရန်ကုန်သို့ နောက်တစ်နေ့ နံနက် ၅ နာရီတွင် ရောက်ရှိမည်ဖြစ်ပြီး အစုန်အထူးရထား(၂)သည် နေပြည်တော်မှ ည ၈ နာရီခွဲတွင် ထွက်ခွာ၍ ရန်ကုန်သို့ နောက်တစ်နေ့ နံနက် ၆ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။

သင်္ကြန်အလွန်ကာလအတွက် ဧပြီ ၁၈ ရက်တွင် အထူးရထားတစ်စင်းသည် ရန်ကုန်ဘူတာမှ မန္တလေးဘူတာသို့လည်းကောင်း၊ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် အထူးရထားနှစ်စင်းသည် ရန်ကုန်ဘူတာနှင့် မန္တလေးဘူတာတို့မှလည်းကောင်း၊ ၂၁ ရက်တွင် အထူးရထားတစ်စင်းသည် မန္တလေးဘူတာမှ ရန်ကုန်ဘူတာသို့လည်းကောင်း အထက်ဖော်ပြပါ ရန်ကုန်နှင့် မန္တလေးမှ ထွက်ခွာမည့် အချိန်များအတိုင်း ပြေးဆွဲသွားမည်ဖြစ်သည်။

အလားတူ နေပြည်တော်မှ ဝန်ထမ်းများနှင့် မိသားစုများအပါအဝင် ခရီးသွားပြည်သူများအတွက် ရန်ကုန်မှ နေပြည်တော်ခရီးစဉ်အဖြစ် လက်ရှိ အမှတ်(၃၁)အဆန်၊ အမှတ်(၇)အဆန် အမြန်ရထားနှစ်စင်းအပြင် နောက်ထပ်အထူးရထားနှစ်စင်းကို ၂၂ ရက်တွင် ပြေးဆွဲပေးမည်ဖြစ်ရာ အဆန်အထူးရထား(၁)သည် ရန်ကုန်မှ ည ၇ နာရီတွင် ထွက်ခွာ၍ နေပြည်တော်သို့ နောက်တစ်နေ့နံနက် ၄ နာရီခွဲတွင်လည်းကောင်း၊ အဆန်အထူးရထား(၂)သည် ရန်ကုန်မှ ည ၈ နာရီတွင် ထွက်ခွာ၍နေပြည်တော်သို့ နောက်တစ်နေ့ နံနက် ၅ နာရီခွဲတွင်လည်းကောင်း ရောက်ရှိမည်ဖြစ်သည်။

အထက်ပါ ရန်ကုန်-မန္တလေးသင်္ကြန်အထူး(အစုန်/အဆန်)ရထားများကို ပဲခူး၊ တောင်ငူ၊ နေပြည်တော်၊ သာစည်ဘူတာများတွင် ရပ်တန့်ပေးမည်ဖြစ်ပြီး နေပြည်တော်-ရန်ကုန် အထူး(အစုန်/အဆန်)ရထားများကို တောင်ငူ၊ ပဲခူး၊ တိုးကြောင်ကလေးဘူတာများတွင်သာ ရပ်တန့်သွားမည်ဖြစ်သည်။သင်္ကြန်ကာလအတွင်း ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ အဆိုပါ အထူးရထားများပြေးဆွဲခြင်းကို ရပ်နားထားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ ကြိုတင်အသိပေးကြေညာထားသည်။ (သတင်းစဉ်)

ဆန်စပါး ကြိတ်ခွဲပြုပြင်သိုလှောင်ရေးနှင့် အရည်အသွေး စီမံခန့်ခွဲမှုဆိုင်ရာဟောပြော

ရန်ကုန် ဧပြီ ၃

ဆန်စပါးကြိတ်ခွဲပြုပြင် သိုလှောင်ရေးနှင့် ပြည်တွင်းပြည်ပ ကုန်သွယ်ရေးလုပ်ငန်းများတွင် အရည်အသွေး စီမံခန့်ခွဲမှုဆိုင်ရာ ကျင့်စဉ်ကောင်းများနှင့် ISO/HACCP စနစ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအကြောင်း ရှင်းလင်းတင်ပြပွဲနှင့် ရောဟသ်ာ ကုမ္ပဏီသို့ HACCP Certificate ပေးအပ်ပွဲအခမ်းအနားကို မတ် ၈ ရက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI OFFICE TOWER ခန်းမကြီး၌ ကျင်းပသည်။

ထို့နောက် မန်နေဂျင်းဒါရိုက်တာ ဒေါ်ဖြူဖြူဝင်းက အစားအစာအန္တရာယ်ကင်းရှင်းရေးစနစ်များအကြောင်းနှင့် Dr. Bo Bo က အစားအစာအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်မှု အတွေ့အကြုံတို့ကို ရှင်းလင်းတင်ပြသည်။ မန်နေဂျင်းဒါရိုက်တာ ဒေါ်ဖြူဖြူဝင်းက HACCP အသိအမှတ်ပြုလက်မှတ်ကို ဒါရိုက်တာဦးအာယုအား ပေးအပ်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**(ကြေးမုံ)

❖ **နေပြည်တော်မှ**

ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူတို့က ဆပ်ကော်မတီအလိုက် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

၁၃၇၃ ခုနှစ် တတိယအကြိမ် နေပြည်တော်မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မဟာသင်္ကြန်အကြိုနေ့မှ သင်္ကြန်အတက်နေ့အထိ ယဉ်ကျေးမှုဝန်ကြီးဌာနက မြန်မာ့ဆိုင်းဝိုင်းကြီးနှင့် ယိမ်းအကအဖွဲ့များ၊ သီဆိုဖျော်ဖြေမှုများ၊ ဝန်ကြီးဌာနများ၊ ဟိုတယ်များနှင့် ဆောက်လုပ်ရေးကုမ္ပဏီများက သင်္ကြန်ယိမ်းအကပြိုင်ပွဲများနှင့် သီဆိုဖျော်ဖြေမှုအစီအစဉ်များဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအား ထိန်းသိမ်းလျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၄-၄-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

၅း၄၀	"ကံပေါ်၌သာသဿတဒိဋ္ဌိဖြစ်ပုံ၊ ဖြတ်ပုံ"တရားတော် [အရှင်ပညာဓမ္မာဘိဝံသ (ညောင်ကန်ဆရာတော်)]
၈း၅၅	A Moment to Glow 3V Show (Part-3)
၁၀း၂၅	ခေတ်မီစက်ကိရိယာများနှင့် ပြည်သူများအတွက် မန္တလာမြေမှ မြို့တော်ဆေးရုံ
၁၀း၄၅	"နှစ်သစ်အကြိုမြန်မာပြည် သိန်းတန်"Live Show (Part-9)
၂း၂၀	ခါသင်္ကြန်အဆိုအကများ
၂း၄၀	သင့်ကျန်းမာရေးစိတ်အေးဖို့ ရွှေမိုးပွင့်အေးကိုသွားကြစို့
၄း၅၅	MRTV-4 မြန်မာ့ရိုးရာသင်္ကြန်
၆း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်တေးသံရင်ခုန်သံ" (အပိုင်း-၄၂)**
၇း၁၀	"နှစ်သစ်အကြိုမြန်မာပြည်သိန်းတန်" Live Show (Part-10)
၈း၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၀၀	Celebrity Style (ဝိုင်းစုခိုင်သိန်း)
၉း၂၀	The Shop Around The Corner (Part-58)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၁၁၉)**
၁၁း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပုံပြောကောင်းတဲ့ချစ်သူ" (အပိုင်း-၂)**
၁၂း၅၀	World of Knowledge
၄း၂၀	ပတ္တမြားမြေမှ လေ့လာဖွယ်ရာများနှင့် တစ်မူထူးခြားထာပွဲများ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံ သင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ကုန်သွယ်မှုမြှင့်တင်ရေး စဉ်ဆက်မပြတ်ချမှတ်ဆောင်ရွက်နိုင်ခဲ့သဖြင့် ယခုနှစ်ကုန်တွင် ကုန်သွယ်မှုတန်ဖိုး (ပို့ကုန်ရော၊ သွင်းကုန်ပါ) ယမန်နှစ်ကထက် သိသိသာသာတက်လာ

နေပြည်တော် ဧပြီ ၃

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး Trade Training Institute ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ နိုင်ငံတော်သမ္မတ၏ အကြံပေးပုဂ္ဂိုလ် ဒေါက်တာဦးမြင့်၊ အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံ၊ အစ္စရေးနိုင်ငံတို့မှ သံအမတ်ကြီးများ၊ JICA၊ KOICA အဖွဲ့တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကုန်သွယ်မှုလွယ်ကူချောမွေ့ရေး၊ ကုန်သွယ်မှုဆိုင်ရာဖြေလျှော့မှုများနှင့် ကုန်သွယ်မှုမြှင့်တင်ရေး အစီအစဉ်များကို စဉ်ဆက်မပြတ်ချမှတ်ဆောင်ရွက်နိုင်ခဲ့သဖြင့် ယခုနှစ်ကုန်တွင် ကုန်သွယ်မှုတန်ဖိုး (ပို့ကုန်ရော၊ သွင်းကုန်ပါ) ယမန်နှစ်ကထက် သိသိသာသာတက်လာခဲ့ကြောင်း၊ ရေရှည်အဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန် အထူးလိုအပ်ကြောင်း၊ ယခုသင်တန်းသည် ပုဂ္ဂလိက လုပ်ငန်းရှင်များ၏ ကုန်သွယ်မှုနှင့်ဆိုင်သည့် အသိပညာများကို မြှင့်တင်ပေးနိုင်မည်ဖြစ်သကဲ့သို့ ကုန်သွယ်မှုမြှင့်တင်ရေးကိုလည်း သိသိသာသာ ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၈၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလ လေးလကြာမြင့်မည်ဖြစ်ကာ ကုန်သွယ်မှုနှင့်စပ်လျဉ်း၍ စာတွေ့လက်တွေ့ ကျယ်ကျယ်ပြန့်ပြန့် သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျောက်တံတားမြို့နယ်ရှိ မြန်မာနိုင်ငံသားများဘဏ်ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအားတွေ့ဆုံ၍ မြန်မာနိုင်ငံသားများဘဏ်ထူထောင်ခဲ့သည်မှာ (၁၉)နှစ်ပြည့်ပြီဖြစ်သကဲ့သို့ အောင်မြင်မှုများလည်း ရရှိခဲ့သည်ကို တွေ့ရကြောင်း၊ နိုင်ငံ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအပေါ် ယခုထက်ပိုမိုအထောက်အကူပေးနိုင်မည့် ဘဏ်တစ်ခုအဖြစ် ဝန်ထမ်းများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ပြောကြားခဲ့သည်။ (သတင်းစဉ်)

(၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကြီး အောင်မြင်စွာ ကျင်းပပြီးစီး

သတင်းဆောင်းပါး-ညီညီထွန်း
ဓာတ်ပုံ-မျိုးမောင်မောင်

(၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကြီးကို မတ် ၉ ရက်မှ ၁၈ ရက်အထိ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမကြီး၌ ကျင်းပခဲ့ရာ ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များဖြင့် တိုးမပေါက်အောင် အထူးစည်ကားလှသည့် ပြပွဲကြီးတစ်ခုဖြစ်ခဲ့သည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် အဆိုပါပြပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်နှင့် ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချပေးခဲ့ရာ ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များက အပြိုင်အဆိုင်ဈေးပေး၍ ဝယ်ယူခဲ့ကြသည်။

ရတနာကုန်သည်များ ကျောက်စိမ်းတွဲများ ကြည့်ရှုကြစဉ်။

ပြပွဲသို့ ပြည်ပရတနာကုန်သည် အဟောင်း ၁၆၈၆ ဦးနှင့် အသစ် ၂၈၆ ဦး စုစုပေါင်း ၁၉၇၂ ဦး တက်ရောက်ဝယ်ယူကြသည်ကို တွေ့ရသည်။ အလားတူ ပြည်တွင်းရတနာကုန်သည် ၃၁၉၉ ဦးတို့လည်း တက်ရောက်ဝယ်ယူခဲ့ကြသည်။ လာရောက်ဝယ်ယူကြသည့် ပြည်တွင်းပြည်ပမှ ရတနာကုန်သည် စုစုပေါင်းမှာ ၅၁၇၁ ဦး ဖြစ်သည်။

ကျောက်စိမ်းရောင်းချပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၁၆၆၉၇ တွဲကို ပြသရောင်းချခဲ့ရာ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက ၁၉ တွဲ၊ ပုဂ္ဂလိကကုမ္ပဏီများက ၆၃၁၄ တွဲနှင့် နိုင်ငံတော်နှင့် အကျိုးတူ ကျောက်စိမ်းတူးဖော်ထုတ်လုပ်လျက်ရှိသည့် ကုမ္ပဏီများက ၃၄၂၉ တွဲ စုစုပေါင်း ၉၇၆၂ တွဲ ရောင်းချခဲ့ရသည်။

အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အတွဲပေါင်း ၁၆၄၅၂ တွဲ တင်ပြခဲ့ရာတွင် အထည်ကျောက်အရိုင်း ၁၂၈၁ တွဲ၊ အသားကျောက်အရိုင်း (အေ၊ ဘီ) ၇၆၅၉ တွဲ၊ အသားကျောက်အရိုင်း(စီ၊ဒီ) ၆၆၉ တွဲ၊ ထည်လုံးစိမ်း တစ်တွဲ၊ Chromo Jade ၁၂ တွဲ၊ Petrified Wood နှစ်တွဲ၊ Non Jade ၁၇ တွဲ၊ အချောထည် (လက်ကောက်၊ ပုတီး၊ လုံးချော၊ လွှာချပ်၊ ဝါရှာပြား) ၂၂ တွဲ စုစုပေါင်း ၉၆၆၃ တွဲ ရောင်းချခဲ့ရပြီး ရောင်းချရမှု ရာခိုင်နှုန်းမှာ ၅၈ ဒသမ ၇၃ ဖြစ်သည်။

ဈေးပြိုင်စနစ်ဖြင့် အတွဲပေါင်း ၂၄၅ တွဲတင်ပြခဲ့ရာတွင် အရည်ကျောက်စိမ်းအရိုင်း ၁၀ တွဲ၊ အထည်ကျောက်စိမ်းအရိုင်း ၆၂ တွဲ၊ အသားကျောက်စိမ်းအရိုင်း ၂၇ တွဲ စုစုပေါင်း ၉၉ တွဲ ရောင်းချခဲ့ရပြီး ရောင်းချရမှုရာခိုင်နှုန်းမှာ ၄၀ ဒသမ ၄၁ ဖြစ်သည်။

ရောင်းချခဲ့ရသော ကျောက်စိမ်းအတွဲများတွင် အသားကျောက်အရိုင်း ၅၇ ဒသမ ၉၄ ရာခိုင်နှုန်း၊ အထည်ကျောက်အရိုင်း ၆၆ ဒသမ ၂၉ ရာခိုင်နှုန်း၊ အရည်ကျောက်အရိုင်း ၅၈ ဒသမ ၈၂ ရာခိုင်နှုန်းနှင့် အချောထည် ၃၅ ဒသမ ၄၈ ရာခိုင်နှုန်းဖြစ်ရာ အထည်ကျောက်နှင့် အရည်ကျောက်များမှာ ဝယ်လိုအားရှိပြီး အသားကျောက်မှာ ဝယ်လိုအားအနည်းငယ်လျော့နည်းသည်ကို လေ့လာတွေ့ရှိရပေသည်။

တင်ဒါစနစ်တွင် ပြည်တွင်းရတနာကုန်သည် ၉၀ တို့က အတွဲပေါင်း ၂၇၄၇ တွဲ ဝယ်ယူခဲ့ကြပြီး ပြည်ပရတနာကုန်သည် ၈၇၈ ဦးတို့က အတွဲပေါင်း ၆၉၁၆ တွဲကို ဝယ်ယူခဲ့ကြသည်။ ဈေးပြိုင်စနစ်တွင်မူ ရောင်းချရသည့် အတွဲအားလုံးကို ပြည်ပရတနာကုန်သည် ၄၆ ဦးတို့က ဝယ်ယူခဲ့ကြခြင်းဖြစ်သည်။ ကျောက်စိမ်းအတွဲများကို တန်ဖိုးအများဆုံးဖြင့် ဝယ်ယူသူဆုကို တရုတ်နိုင်ငံမှ Mr.Lin Zefan က ရရှိခဲ့သည်။

တင်ဒါစနစ်ဖြင့် ရောင်းချရာတွင် ယူရိုငွေ တစ်သန်းကျော်ဖြင့် ရောင်းချရသည့် ကျောက်စိမ်းအတွဲပေါင်းမှာ ၃၄ တွဲရှိပြီး ဈေးပြိုင်စနစ်တွင် ကျောက်စိမ်းအတွဲ ၃၂ တွဲကို ယူရိုငွေ တစ်သန်းကျော်ဖြင့် ရောင်းချနိုင်ခဲ့သည်။

ပြပွဲတွင် ခင်းကျင်းပြသရောင်းချပေးခဲ့သော ကျောက်စိမ်းအတွဲများအနက် အခြေခံဈေး သင့်တင့်မျှတစွာ သတ်မှတ်တင်ပြထားသည့် ကျောက်စိမ်းအရိုင်းတွဲများ၊ အပြစ်အနာနည်း၍ ကျောက်သားကောင်းမွန်သည့် ကျောက်စိမ်းတွဲများ၊ တန်ဖိုးကြီးလုံးချောစေ့များ ထုတ်ယူနိုင်သည့် အရည်ကျောက်များနှင့် အဆင့်မြင့်အသားကြည် ဘော်လီသားများ၊ တန်ဖိုးကြီးလက်ကောက်နှင့် ရုပ်တု၊ ရုပ်ထွင်းများ ထုတ်ယူရရှိနိုင်မည့် အထည်ကျောက်နှင့် အသားကျောက် အရိုင်းတွဲများ၊ အခြေခံဈေးသင့်တင့်မျှတစွာ သတ်မှတ်တင်ပြထားသည့် အသားကျောက်လက်ကောက်၊ အသားကြည်ပုတီးစေ့နှင့် လွှာချပ်ကျောက်စိမ်း အချောထည်အတွဲများကို ကုန်သည်များ အကြိုက်တွေ့ကာ အပြိုင်အဆိုင် ဝယ်ယူခဲ့ကြသည်မှာ အားရဖွယ်ပင်ဖြစ်သည်။

ကျောက်စိမ်းလုပ်ငန်း ကော်မတီအတွင်းရေးမှူး ဦးဖေခင်က "ပြပွဲပြီးတဲ့အခါ ခင်းကျင်းပြသထားတဲ့ ကျောက်စိမ်းအတွဲတွေကို ပြန်လည်သိမ်းဆည်းရပါတယ်။ မရောင်းချရတဲ့ အတွဲတွေကိုလည်း ပိုင်ရှင်တွေကို ပြန်လည်ထုတ်ပေးရပါတယ်။ အလားတူ ရောင်းချရပြီး ငွေပေးချေပြီးတဲ့ ကျောက်စိမ်းအတွဲတွေကိုလည်း လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်းခရီးတို့နဲ့ တင်ပို့နိုင်ဖို့အတွက် သက်ဆိုင်ရာကိုယ်စားလှယ်တွေကို ထုတ်ပေးရပါတယ်။ ဒါတွေပြီးသွားပြန်တော့ နောက်ပြပွဲတစ်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုတွေ ဆက်ပြီးလုပ်ရတာပေါ့ဗျာ" ဟု ဤပြပွဲပြီးစီးချိန်တွင် ဆက်လုပ်ရန်ရှိသည်များကို ရှင်းပြသည်။

ကျောက်မျက်ရတနာရောင်းချပွဲတွင် မိုးကုတ်ကျောက်မျက်ရတနာများဖြစ်သည့် ပတ္တမြား၊ နီလာနှင့် ရောင်စုံကျောက်များ၊ မိုင်းရှူးပတ္တမြားရိုင်း စသည့် ကျောက်မျက်ရတနာစုစုပေါင်းအတွဲ ၂၂၇ တွဲကို အိတ်ဖွင့်တင်ဒါစနစ်နှင့် ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချပေးခဲ့ရာ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ၁၄ တွဲနှင့် ဈေးပြိုင်စနစ်ဖြင့် ၁၀ တွဲ စုစုပေါင်း ၂၄ တွဲရောင်းချပေးနိုင်ခဲ့သည်။ ပြပွဲတွင် ထိုင်း၊ တရုတ် စသည့် ပြည်ပရတနာကုန်သည်များနှင့် အပြိုင် ပြည်တွင်းကျောက်မျက်ရတနာကုမ္ပဏီများ၊ လုပ်ငန်းရှင်များကလည်း အပြိုင်အဆိုင်ဈေးပေး၍ ဝယ်ယူခဲ့ကြရာ ကျောက်မျက်ရတနာများအား ဈေးနှုန်းအမြင့်ဆုံးဖြင့် ဝယ်ယူသူဆုကို ပြည်တွင်းရတနာကုမ္ပဏီတစ်ခုဖြစ်သည့် ပတ္တမြားနဂါးကုမ္ပဏီမှ ဦးမောင်မောင်နိုင်က ရရှိခဲ့သည်။ ပြပွဲတွင် တန်ဖိုးအမြင့်ဆုံးဖြင့် ရောင်းချပေးခဲ့ရသည့် ကျောက်မျက်အတွဲမှာ နိုင်ငံတော်နှင့် အကျိုးတူကျောက်မျက်ထုတ်လုပ်လျက်ရှိသည့် လျှန်ရှန်းကုမ္ပဏီက တင်ပြရောင်းချပေးသည့် ပတ္တမြားရိုင်းဖြစ်သည်။ အလားတူ ဈေးနှုန်းအမြင့်ဆုံး ရောင်းချခဲ့ရသည့် ကျောက်မျက်အတွဲမှာလည်း ကြယ်လေးစင်း ကုမ္ပဏီက တင်ပြရောင်းချသည့် ပတ္တမြားရိုင်းဖြစ်သည်။

ပုလဲရောင်းချပွဲတွင်လည်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲပေါင်း ၃၃၁ တွဲ၊ ဈေးပြိုင်စနစ်ဖြင့် ၃၆ တွဲ စုစုပေါင်း ၃၆၇ တွဲကို တင်ပြရောင်းချပေးခဲ့သည်။ အဆိုပါပုလဲရောင်းချပွဲသို့ ပြည်တွင်းပြည်ပမှ ပုလဲကုန်သည်များ အပြိုင်အဆိုင် လာရောက်ဝယ်ယူကြရာ တင်ဒါစနစ်ဖြင့် ၂၈၂ တွဲ၊ ဈေးပြိုင်စနစ်ဖြင့် ၃၂ တွဲ စုစုပေါင်း ၃၁၄ တွဲကို ကြိုက်ဈေးဖြင့် ရောင်းချပေးနိုင်ခဲ့သည်။ ရောင်းချရမှု ရာခိုင်နှုန်းမှာ ၈၆ ရာခိုင်နှုန်းဖြစ်သည်။ ၂၀၁၁ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာ အထူးရောင်းချပွဲတွင် ပုလဲအတွဲပေါင်း ၂၈၈ တွဲ၊ ရာခိုင်နှုန်းအားဖြင့် ၈၁ ရာခိုင်နှုန်း၊ ၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပုလဲအတွဲပေါင်း ၂၁၃ တွဲ၊ ရာခိုင်နှုန်းအားဖြင့် ရာခိုင်နှုန်း ၈၀ ရောင်းချပေးနိုင်ခဲ့ရာမှ ယခုပြပွဲတွင် အရေအတွက်ရော ရာခိုင်နှုန်းပါ ပိုမိုရောင်းချပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ဈေးနှုန်းအမြင့်ဆုံး ရောင်းချခဲ့ရသည့် ကျောက်မျက်အတွဲ ပတ္တမြားရိုင်းများကို တွေ့ရစဉ်။

ရောင်းချပွဲသို့ ပြည်ပကုမ္ပဏီ ၁၆ ခု၊ ပြည်တွင်းကုမ္ပဏီ ၂၃ ခု စုစုပေါင်း ကုမ္ပဏီ ၃၉ ခုမှ ပုလဲကုန်သည်များ လာရောက်ဝယ်ယူခဲ့ကြသည်။ ပြည်ပကုမ္ပဏီများအား နိုင်ငံအလိုက် ဖော်ပြရလျှင် ဂျပန်နိုင်ငံမှ ကုမ္ပဏီ ခုနစ်ခု၊ ဟောင်ကောင်မှ ကုမ္ပဏီ သုံးခု၊ စင်ကာပူနိုင်ငံမှ ကုမ္ပဏီ နှစ်ခု၊ အိန္ဒိယ၊ ကိုရီးယားသမ္မတနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ကုမ္ပဏီတစ်ခုစီ တက်ရောက်ဝယ်ယူခဲ့ကြကြောင်း သိရှိရသည်။ ရောင်းချပွဲတွင် ဈေးနှုန်းအမြင့်ဆုံးနှင့် အကြိမ်အများဆုံး ပုလဲဝယ်ယူသူဆုကို ဂျပန်နိုင်ငံမှ Mr. Shrenik Jitendra Jhaveri က ရရှိခဲ့သည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအနေဖြင့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများကို တန်ဖိုးအများဆုံးဝယ်ယူသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သကဲ့သို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲများသို့ (၂၅)နှစ်ဆက်တိုက် တက်ရောက်ဝယ်ယူခဲ့သူတစ်ဦး၊ အနှစ် (၂၀) ဆက်တိုက် တက်ရောက်ဝယ်ယူခဲ့သူ သုံးဦး၊ (၁၅)နှစ် ဆက်တိုက် တက်ရောက်ဝယ်ယူခဲ့သူ ခုနစ်ဦးနှင့် (၁၀)နှစ်ဆက်တိုက် တက်ရောက်ဝယ်ယူခဲ့သူ ၁၀ ဦးတို့ကိုလည်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ရာ နောင်လာမည့် ပြပွဲများအတွက် ဖောက်သည်ကောင်းတို့ များပြားလာပေဦးတော့မည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှစတင်၍ ပြသရောင်းချပေးခဲ့ရာ တစ်နှစ်ထက်တစ်နှစ်၊ တစ်ပွဲထက်တစ်ပွဲ ပိုမိုအောင်မြင်စွာ ပြသရောင်းချပေးနိုင်ခဲ့သည်။ ထို့ထက် ပိုမိုထူးခြားသည်မှာကား ၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ ကျောက်မျက်ရတနာပြပွဲမှ စတင်၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို နေပြည်တော်ရှိ ပုံစံထူးခြားလှပခမ်းနားလှသော မဏိရတနာကျောက်စိမ်းခန်းမကြီး၌ ကျင်းပပေးခဲ့ခြင်းဖြစ်ပြီး ယခင်ပြပွဲများကထက်ပို၍ စည်ကားသိုက်မြိုက်အောင်မြင်စွာ ပြသရောင်းချပေးနိုင်ခဲ့ရာ နေပြည်တော်၏ ဂုဏ်ကျက်သရေကိုလည်း ထူးကဲမြင့်မားစေခဲ့သည်။

ယင်းသို့ ပြပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် ပြပွဲဗဟိုကော်မတီ၏ စီစဉ်ကြီးကြပ်မှုနှင့်အတူ လုပ်ငန်းကော်မတီအသီးသီးက ကျရာတာဝန်များအား ဦးလည်မသုန်ကျေပွန်စွာ ဆောင်ရွက်ခဲ့ကြသည်ကိုလည်း အားတက်ဖွယ်ရာ တွေ့မြင်ခဲ့ရပေသည်။ ယခုအခါ ပြပွဲများကို တစ်နှစ်လျှင် အနည်းဆုံး သုံးကြိမ်ကျင်းပပေးလျက်ရှိရာ နောင်မကြာမီ ကျင်းပမည့် ကျောက်မျက်ရတနာပြပွဲကြီးတွင်လည်း ယခင်ပြပွဲများကထက် ပို၍အောင်မြင်စွာ၊ ပို၍စည်ကားသိုက်မြိုက်စွာ ပြသရောင်းချပေးနိုင်မည်ဖြစ်ကြောင်း ယုံကြည်မိပေသည်။ ။

(၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကြီးကို နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်း ခန်းမကြီး၌ ကျင်းပခဲ့ရာ ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များဖြင့် အထူးစည်ကားလှသည်။

မဟာအောင်မြေမြို့နယ်၌ ကတ္တရာလမ်းသစ်များဖွင့်

မန္တလေး ဧပြီ ၃

(၆၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ် ၃၆လမ်း၊ ၇၂လမ်းနှင့် ၇၃လမ်းကြား သံလျက်မော်အနောက်ရပ်ကွက် လိုရာပြည့်စုံရန်မျိုးလုံပေါ်တော်မူဘုရား ငါးဆူလမ်းမကြီးမှ အမှတ်(၃၃) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ရှေ့အထိနှင့် သံလျက်မော်အရှေ့ရပ်ကွက် ၃၈လမ်း၊ ၈၆လမ်းနှင့် ၈၉လမ်းကြား၊ ၈၉လမ်း၊ ၃၈လမ်းနှင့် မစိုးရိမ်တိုက်သစ်ကြား ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းသစ်များ ဖွင့်ပွဲကို မတ် ၂၃ရက်က ကျင်းပခဲ့သည်။

ယင်းလမ်းကို မန္တလေးမြို့စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူဆောင်ရွက်ခဲ့ပြီး မဟာအောင်မြေမြို့နယ် ၃၆လမ်း၊ ၇၂လမ်းနှင့် ၇၃လမ်းကြားသည် အကျယ် ၂၄ပေ၊ အရှည်ပေ ၅၀၀ရှိသည်။ သံလျက်မော်အနောက် ဘုရားငါးဆူလမ်းသည် အကျယ် ၁၈ပေ၊ အရှည်ပေ ၁၂၀၀ရှိပြီး သံလျက်မော်အရှေ့ ၃၈လမ်းသည် အကျယ် ၂၄ပေ၊ အရှည်ပေ ၂၈၂၀ ရှိကြောင်း သိရသည်။ သီဟကိုကို(မန္တလေး)

မြေသားလမ်းသစ်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၃

(၆၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ်၌ ဆောင်ရွက်ပြီးစီးခဲ့သည့် စံဒွန်းကုန်း-စစ်ကုန်း-သံတံတား မြေသားလမ်းသစ်ဖွင့်ပွဲကို မတ် ၂၅ ရက် နံနက် ၈ နာရီတွင် အဆိုပါ လမ်းထိပ်မုခ်ဦး၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟံစိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအမ်လှသောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

အဆိုပါ မြေသားလမ်းသစ်၏ အရှည်ပေ ၅၇၁၀၊ အကျယ် ၁၀ ပေကို အဖွဲ့ရန်ပုံငွေကျပ် ၉၇ သိန်းဖြင့်လည်းကောင်း၊ အရှည် ၃၃၃၉၆ ပေ၊ အကျယ် ၁၀ ပေကို ပြည်သူလူထုက ငွေကျပ် ၄၀၂၃၁၀၀၀ ဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တောင်ကြီးတက္ကသိုလ်၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးဟောပြော

တောင်ကြီး ဧပြီ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးတက္ကသိုလ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် ပိုစတာပြပွဲကို တက္ကသိုလ်ဘွဲ့နှင်းသဘင် ဘက်စုံခန်းမ၌ မတ် ၁၃ ရက်က ကျင်းပရာ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာမူမူမြင့်က အမှာစကားပြောကြားပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးကျော်အေးလွင်**(ယာပုံ)**က လမ်းအသုံးပြုသူများ သိသင့်သော အချက်များကို လည်းကောင်း၊ စစ်ဆေးရေးမှူး ဦးဇော်ကိုကိုဖေက မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာသင့်သော အချက်များကိုလည်းကောင်း၊ ယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲမှူး တင်စိုးရှိန်က ယာဉ်တိုက်ခိုက်တိမ်းမှောက်မှုများအကြောင်းကို လည်းကောင်း၊ ရဲအုပ်မြင့်အောင်က ယာဉ်တိုက်မှု ပြစ်မှုပြစ်ဒဏ်များကို လည်းကောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို ရဲအုပ်သန်းရွှေကလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

(ပြည်နယ်ကညန)

❑ **မကြာမီမှ**

ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ Terrafugia က ထုတ်လုပ်သည့် The Transition ကားပျံများကို ယခုရက်သတ္တပတ်အတွင်း ကျင်းပသည့် နယူးယောက်ကားပြပွဲ၌ အများပြည်သူအားပွဲထုတ်ပြသခဲ့ရာ စိတ်ဝင်စားမှု အမြောက်အမြားရရှိခဲ့ကြောင်း၊ လူ ၁၀၀ ခန့်က ကားပျံများဝယ်ယူရန်အတွက် စရန်ငွေ ဒေါ်လာ ၁၀၀၀၀စီ ကြိုတင်ပေးချေခဲ့ကြကြောင်း၊ ကားပျံတစ်စီးအတွက် မျှော်မှန်းရောင်းဈေးမှာ ဒေါ်လာ ၂၇၉၀၀၀ဖြစ်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

ထို့အပြင် ယာဉ်ကြောပိတ်ဆို့နေပါက ကားပျံသည်လည်း ထူးလိမ့်မည် မဟုတ်ပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်းပျံသန်းနိုင်ရန်အတွက် ပြေးလမ်းလိုအပ်ချက်ရှိခြင်းကြောင့် ဖြစ်ကြောင်း ဖော်ပြထားသည်။

အင်တာနက်။

※ **စရိတ်မြင့်မားလာမှုမှ**

ခုန်တက်သွားခဲ့ပြီး ကုန်ကြမ်းဈေးနှုန်းမှာလည်း ၂၀ ရာခိုင်နှုန်း မြင့်တက်သွားခဲ့ကြောင်း အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဗျူရို၏ ဒုတိယညွှန်ကြားရေးမှူး လျူကျင်တန်က ပြောကြားသည်။

ပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် မြူနီစီပယ်အုပ်ချုပ်ရေးဒေသ စုစုပေါင်း ၂၄ ခုတို့မှ တရားဝင်ထုတ်ပြန်သောအချက်အလက်များအရ ၎င်းတို့၏ အနိမ့်ဆုံးလုပ်ခလစာမှာ ယမန်နှစ်က ပျမ်းမျှ ၂၂ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်ဟု ဖော်ပြထားသည်။

စရိတ်များမြင့်မားလာမှုက တရုတ်နိုင်ငံ၏ ယှဉ်ပြိုင်နိုင်စွမ်းရှိမှုကို အားနည်းစေခဲ့ပြီး ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကိုလည်း လျော့ကျစေခဲ့သည်ဟု ဆိုသည်။

CNTAC၏ စာရင်းဇယားများအရ တရုတ်နိုင်ငံ၏ ၂၀၁၁ ခုနှစ်အတွင်း အထည်အလိပ်ပို့ကုန်မှာ သုည ဒသမ ၅ ရာခိုင်နှုန်း အထက်သို့လည်းကောင်း၊ ချုပ်ထည်ပို့ကုန်မှာ သုည ဒသမ ၂ ရာခိုင်နှုန်းအကျသို့လည်းကောင်း တအိအိ အတက်အကျပြခဲ့သည်ဟု ဆိုသည်။

ကမ္ဘာ့စီးပွားရေးကျဆင်းမှုအခြေအနေကြောင့်လည်းကောင်း၊ စက်မှုကုန်ထုတ်လုပ်ငန်းများ၏ သူသေကိုယ်သေ ယှဉ်ပြိုင်မှုများကြောင့်လည်းကောင်း တရုတ်နိုင်ငံတွင် အခြေစိုက်လုပ်ကိုင်ခဲ့ကြသည့် ဖက်ရှင်လုပ်ငန်းများသည် အရှေ့တောင်အာရှဒေသတွင်းရှိ စရိတ်သက်သာမည့် နိုင်ငံများ(သို့မဟုတ်)အနောက်ဥရောပရှိ နီးစပ်ရာနိုင်ငံများဆီသို့ ရွှေ့ပြောင်းကြလိမ့်မည်ဖြစ်ကြောင်း ဝမ်ထျန်ကိုင်က သတိပေးပြောကြားခဲ့သည်။ (ဆင်ဟွာ)

ဒေးဒရဲမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိရစ္ဆာန်ဆေးပေးခန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်က အမှတ်(၂) ရပ်ကွက် ဗိုလ်ချုပ်လမ်း၌ ကျင်းပရာ ဖျာပုံခရိုင်မှူး ဒေါက်တာကြည်ကြည်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် မွေး/ကု)

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၃

ယနေ့နံနက် ၉ နာရီခွဲထိမိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကရင်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်မှာ** ချောက်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နေပြည်တော်(လေဆိပ်)တွင် ၁ ဒသမ ၅၇ လက်မ၊ နေပြည်တော်(ရေဆင်း)တွင် သုည ဒသမ ၇၉ လက်မ၊ နေပြည်တော်(ပျဉ်းမနား)တွင် သုည ဒသမ ၄၃ လက်မ၊ လွိုင်ကော်မြို့တွင် ၁ ဒသမ ၂၂ လက်မ၊ ပြင်ဦးလွင်မြို့တွင် သုည ဒသမ ၉၅ လက်မ၊ ပင်လောင်းမြို့တွင် သုည ဒသမ ၃၉ လက်မနှင့် နောင်ချိုမြို့တွင် သုည ဒသမ ၃၅ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

၂၀၁၂ ခုနှစ် အဌမအကြိမ် မြန်မာ့ရိုးရာ စွန်အလှနှင့် စွန်ဖြတ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၃

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၂ ခုနှစ် အဌမအကြိမ် မြန်မာ့ရိုးရာ စွန်အလှနှင့် စွန်ဖြတ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျိုက္ကဆံအားကစားကွင်းရှိ ဘောလုံးလေ့ကျင့်ရေးကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခင်မောင်ထွန်းက အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲကို ဧပြီ ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်္ဂလိပ်ပရီမီယာလိဂ် ပွဲစဉ် (၃၁) အနိုင်/အရှုံးရလဒ်များ

၃ - ၄ - ၂၀၁၂

ဘလက်ဘန်း	၀ - ၂	မန်ယူ
		ဗလင်စီယာ (၈၁)
		အက်ရှ်လေယန်း (၈၅)

※ **အက်သလက်တီကိုမှ**

အစားထိုးသွားရန် မျက်စိကျနေခြင်းဖြစ်ကြောင်း ဆိုသည်။

အသက်(၂၃)နှစ်အရွယ်ရှိ မာတီနက်ဇ်မှာ ၎င်း၏အသင်းတွင် ပြိုင်ပွဲပေါင်း ၂၀၀ ကျော် ကစားထားသူဖြစ်သည်။ မာတီနက်ဇ်သည် ၎င်းကိုယ်တိုင်လည်း ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေသူဖြစ်ပြီး မန်ယူအသင်းအနေဖြင့်လည်း မာတီနက်ဇ်အား အသင်းသို့ ရောက်ရှိရေး ကြိုးစားသွားမည်ဖြစ်ကြောင်း နည်းပြဖာဂူဆန်က ထုတ်ဖော်ပြောကြားခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်က ဖော်ပြသည်။အင်တာနက်။

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

မုန်တိုင်ဆည်တွင် ရေနစ်သေဆုံး

မိတ္ထီလာ ဧပြီ ၃

မိတ္ထီလာမြို့အနောက်ဘက် ၁၀ မိုင်ကွာရှိ မုန်တိုင်ဆည်သို့ မတ် ၂၉ ရက်က မိတ္ထီလာမှ အပျော်ခရီး ထွက်ခဲ့ကြသူများဖြစ်သည့် ဝမ်းတွင်းမြို့ မှ မောင်အောင်ရဲကျော်(၁၇)နှစ်နှင့် ထက်အောင်တို့သည် မုန်တိုင်ဆည်အရောက်တွင် ရေလွှတ်မြောင်းအတွင်းသို့ ရေဆင်းချိုးကြစဉ် မောင်အောင်ရဲကျော်သည် ရေမြောင်းထဲရေစီးအတိုင်း ပါသွားရာ သူငယ်ချင်းဖြစ်သူ ထက်အောင်က လိုက်လံဆယ်သော်လည်း မရဘဲ မောင်အောင်ရဲကျော် ရေနစ်သေဆုံးသွားသည်။

သေဆုံးသူအား အလည်ရွာရဲစခန်းမှူး ဒုရဲအုပ် သန်းဆောင်နှင့် မုန်တိုင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှဝင်းတို့က လိုက်လံရှာဖွေရာ မောင်အောင်ရဲကျော်အား ရေမြောင်းအတွင်း သေဆုံးနေသည်ကို ရှာဖွေတွေ့ရှိရသည်။ အလည်ရွာရဲစခန်းက သေမှုသေခင်း(၁/၂၀၁၂)ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

(၁၁၁)

ရန်ကုန်-ပုသိမ် ကားလမ်း၌ ယာဉ်တိုက်မှုဖြစ် ဈေးသည်အမျိုးသမီးတစ်ဦး သေဆုံး၊ သုံးဦး ဒဏ်ရာရ

ရန်ကုန် ဧပြီ ၃

ညောင်တုန်းမြို့နယ် ရန်ကုန်-ပုသိမ် ကားလမ်း မိုင်တိုင်အမှတ်(၃၂/၁)နှင့် (၃၂/၂) အကြား ကဇန်းကျေးရွာအနီး ရန်ကုန်မှ ပုသိမ်သို့ ယာဉ်မောင်းဝင်းသန်းထွန်း (၂၆)နှစ် အေးသာယာကားဝင်း တောင်ကြီးမြို့နေသူ မောင်းနှင်လာသော ၁ဃ/---------တော့စတားမှန်လုံယာဉ်သည် မတ် ၂၇ ရက်က ကားလမ်း ယာဘက်အခြမ်းတွင် ဆားမလောက်မှ ကဇန်းဘက်သို့ လမ်းလျှောက်သွားသူ ဈေးသည် ဒေါ်မြင့်မြင့်(၄၈နှစ်) ဝမ်းတရိုးရွာနေသူအား ဘယ်လိုမှ်ညာကူး တိမ်းရှောင်ရင်း ဝင်တိုက်မိပြီး သစ်ပင်တစ်ပင်ကိုပါ အရှိန်ဖြင့် တိုက်မိသွားသည်။

ထို့ကြောင့် ယာဉ်မောင်း ဝင်းသန်းထွန်းမှာ ယာပေါင်တွင် ဒဏ်ရာရရှိသွားသည်။ လမ်းဘေးလျှောက် ဈေးသည် ဒေါ်မြင့်မြင့်မှာ ယာချိုစောင်းပေါက်ပြဲဒဏ်ရာ ရရှိသွားပြီး သေဆုံးသွားသည်။ မော်တော်ယာဉ်ပေါ်လိုက်ပါလာသူ ခရီးသည်နှစ်ဦးမှာ ဒဏ်ရာများရရှိသွားကြောင်း သိရသည်။

(၅၅၂)

မန္တလေးမြို့ မဟာသင်္ကြန်ပွဲတော် သံချပ်အဖွဲ့များ ပါဝင်မည်

မန္တလေး ဧပြီ ၃

၁၃၇၃ ခုနှစ် မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို နန်းမြို့ ကျုံးပတ်လည်၌ အလှပြမဏ္ဍပ် လေးခု၊ ရေကစားမဏ္ဍပ် ၃၁ ခု၊ မြို့တွင်း အလှပြမဏ္ဍပ် တစ်ခု စုစုပေါင်း ၃၆ ခု ပါဝင်မည်ဖြစ်ပြီး ခရိုင်ကိုယ်စားပြု အလှပြယာဉ် ခုနစ်စီးနှင့် ငွေငန်းမြို့မ အသင်းတို့လည်း ပါဝင်ဆင်နွှဲမည်ဖြစ်သည်။

မြို့တော်ဝန် မဟာသင်္ကြန်ဆုပေး မဏ္ဍပ်တွင် ရန်ကုန်မြို့မှ Metal Zone တေးဂီတနှင့်အတူ မြန်မာပြည်သိန်းတန်၊ ခင်မောင်ထူး၊ သန်းမြတ်စိုး၊ မန္တလေးသိန်းဇော်၊ ရဲလေး၊ ချစ်သုဝေ၊ အယ်လ်ဆိုင်းဇီ၊ ရတနာမိုင်တို့ ပါဝင်သော အနုပညာရှင်များဖြင့်လည်းကောင်း၊ ALPINE မဏ္ဍပ်၌ The Tree တေးဂီတအဖွဲ့နှင့်အတူ ဇာနည်၊ စိုင်းစိုင်းခမ်းလှိုင်၊ ခန့်စည်သူ၊ ဖြူဖြူကျော်သိန်း၊ ထွန်းအိန္ဒြာဗို၊ ဝိုင်းစုခိုင်သိန်း၊ ရတနာ၊ ခိုင်သင်းကြည်စသော အနုပညာရှင်များဖြင့်လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နန်းမြို့သူမဏ္ဍပ်တွင် ရုပ်ရှင်ဂီတ အနုပညာရှင်များဖြင့် ဖျော်ဖြေမည့်အပြင် မန္တလေးမြို့မှ အထင်ကရ လူရွှင်တော်များဖြစ်သော ဦးချစ်စရာ၊ ဦးထင်ပေါ်၊ သပြေ၊ ဂျာအေး၊ ဦးမြတ်သာ၊ ဦးပေါစိန်၊ ဦးဒီပါ၊ မုံရွာတက်တိုး၊ ပါပါလေး၊ ဦးလူမောင်တို့ ပါဝင်သော အဖွဲ့ကလည်း နှစ် ၂၀ အတွင်း ပျောက်ကွယ်နေသော ပြည်သူတို့၏ ဘဝသရုပ်ဖော်သံချပ်များကို မော်တော်ယာဉ်ဖြင့် လှည့်လည်ဖျော်ဖြေရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ (၆၅၃)

ယနေ့ သတင်းအညွှန်း

ကုန်သွယ်မှုမြှင့်တင်ရေး အစီအစဉ်များ စဉ်ဆက်မပြတ် ချမှတ်ဆောင်ရွက်နိုင်ခဲ့သဖြင့် ကုန်သွယ်မှုတန်ဖိုး သိသိသာသာ တက်လာ
ပြည်တွင်းသတင်း စာမျက်နှာ - ၉

သင်္ကြန်အထူးရထားများ ပြေးဆွဲမည့် အစီအစဉ် ကြိုတင်အသိပေးကြေညာ
ပြည်တွင်းသတင်း စာမျက်နှာ - ၈

မြန်မာသင်္ကြန်အခါတော် (အကျ၊ အကြတ်၊ အတက်) ရက်နှင့် မြန်မာ-ရခိုင်-ဝါဆို-ဝါကပ်-လ-ရက်များ
ပြည်တွင်းသတင်း စာမျက်နှာ - ၆

မော်တော်ယာဉ်အမျိုးအစားအလိုက် မူလတန်ဖိုးအပေါ် မှတ်ပုံတင်ခများ နှုန်းထားသတ်မှတ်
ပြည်တွင်းသတင်း စာမျက်နှာ - ၃

မသေသေးသူကို သေပြီဟု ဆုံးဖြတ်ခဲ့သည့် ဩစတြေးလျ ဆေးဝန်ထမ်းများအား စစ်ဆေးပြီ
နိုင်ငံတကာသတင်း စာမျက်နှာ - ၄

ဂျပန်နိုင်ငံအနောက်ပိုင်း၌ တိုင်ဖုန်းမုန်တိုင်းတိုက် လူတစ်ဦးသေဆုံးပြီး ခရီးသွားလုပ်ငန်းများ ဖရိုဖရဲဖြစ်
နိုင်ငံတကာသတင်း စာမျက်နှာ - ၄

သုံးပွဲဆက် နိုင်ပွဲပျောက်သည့် ရန်ကုန်ယူနိုက်တက် အုပ်စုတက်ရန် ရှုန်းကန်ရတော့မည်

ရန်ကုန် ဧပြီ ၃

AFC Cup 2012 ဘောလုံးပြိုင်ပွဲ အုပ်စု(G)ပွဲစဉ်များကို ယနေ့ညနေ ၃ နာရီခွဲက သုဝဏ္ဏကွင်း၌ ကျင်းပရာ ရန်ကုန်ယူနိုက်တက်(မြန်မာ)နှင့် ဟုမ်းယူနိုက်တက်(စင်ကာပူ)တို့ ဂိုးမရှိ သရေကျသွားသည်။

ရန်ကုန်ယူနိုက်တက်-ဂိုးမရှိ
ဟုမ်းယူနိုက်တက်-ဂိုးမရှိ

ယခုပွဲ အနိုင်ရမှ အုပ်စုတက်ရန် မျှော်မှန်းနိုင်မည့် ရန်ကုန်အသင်းမှာ သရေတစ်မှတ်သာ ရယူနိုင်ခဲ့၍ အုပ်စုတက်ရန် ရုန်းကန်ရတော့မည်ဖြစ်သည်။ လက်ကျန်ပွဲစဉ် သုံးပွဲတွင် နှစ်ပွဲမှာ အဝေးကွင်းသွားရောက် ကစားရမည်ဖြစ်သောကြောင့် ရန်ကုန်အသင်းမှာ အုပ်စုတက်ရေး အားကုန်ထုတ်ရဖွယ်ရှိနေသည်။ ယခုပွဲတွင် ရန်ကုန်အသင်းမှာ ပိုဖိကစားနိုင်ခဲ့ပြီး အဆုံးသတ် အားနည်းခဲ့၍သာ အနိုင်ဂိုးနှင့် လွဲရခြင်းဖြစ်သည်။ သေချာပေါက်ဂိုးသွင်းခွင့်အချို့ကို ဂိုးသမားလူးဝစ် ကာကွယ်နိုင်ခဲ့သလို ၈၁ မိနစ်တွင် ရရှိသော အပိုင်အခွင့်အရေးကို ဝီလန်လွဲချော်ခဲ့ခြင်းကြောင့် ရန်ကုန်နိုင်ပွဲနှင့် လွဲရခြင်းဖြစ်သည်။ စင်ကာပူလက်ရွေးစင်ကစားသမားများဖြစ်ကြသည့် ရှီကျားယိ၊ လူးဝစ်(ဂိုး)နှင့် ဝီဘင်ဆန် စသည့် ကစားသမားများ ပါဝင်လာသည့် ဟုမ်းယူနိုက်တက်အသင်းမှာ ရှုံးပွဲမကြုံတွေ့အောင်ပင် အဓိကထား ကစားသွားခဲ့သည်။

သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်

ရန်ကုန်မှ ရန်အောင်ကျော် ဟုမ်းယူနိုက်တက် ဂိုးသမား လူးဝစ်ကို ကျော်ဖြတ်နေစဉ်။

မကြာမီ မြင်တွေ့ရဖွယ်ရှိသည့် ကားပျံများ

အင်တာနက်သိပ္ပံနည်းပညာသတင်း
ဘာသာပြန် - ဇင်ထူး

နယူးယောက် ဧပြီ ၃

သိပ္ပံဝတ္ထုနှင့် ရုပ်ရှင်များတွင်သာ တွေ့ရတတ်သည့် ကားပျံများကို မဝေးတော့သည့်အနာဂတ်ကာလတွင် ကားလမ်းမများနှင့် ကောင်းကင်ယံတို့၌ မောင်းနှင်ပျံသန်းနေကြသည်ကို တွေ့မြင်ကြရတော့မည်ဖြစ်သည်ဟု နိုင်ငံတကာသတင်းတစ်ပုဒ်က ဆိုသည်။

အမေရိကန်ပြည်ထောင်စု မက်ဆာချူးဆက်ပြည်နယ် ဝူးဘန်းမြို့အခြေစိုက် Terrafugia ကုမ္ပဏီက ၎င်းတို့ တည်ဆောက်ခဲ့သည့် ရှေ့ပြေးပုံစံကားပျံကို အောင်မြင်စွာစမ်းသပ်ပျံသန်းနိုင်ပြီဖြစ်ရာ လာမည့်တစ်နှစ်အတွင်း ကားပျံများ ထုတ်လုပ်ရောင်းချနိုင်ရန်ဟူသော ၎င်းတို့၏ရည်မှန်းချက်နှင့် နီးကပ်နေပြီဖြစ်သည်ဟု ထုတ်ဖော်ကြေညာသည်။

အဆိုပါကားပျံကို The Transition ဟု အမည်ပေးထားပြီး ထိုင်ခုံနှစ်လုံးတပ်၊ ဘီးလေးလုံးပါရှိကာ ကားမောင်းနေစဉ် ခေါက်သိမ်းထားနိုင်သော တောင်ပံများလည်း ပါရှိသည်။ ကားလမ်းပေါ်တွင် တစ်နာရီလျှင် မိုင် ၇၀ နှုန်းနှင့် လေထဲတွင် တစ်နာရီလျှင် ၁၁၅ မိုင်နှုန်းတို့ဖြင့် မောင်းနှင်ပျံသန်းနိုင်သည်။ ၂၃ ဂါလန်ဆံ့ လောင်စာဆီကန်ကို တပ်ဆင်ထားပြီး တစ်နာရီ ပျံသန်းလျှင် ဆီငါးဂါလန်ကုန်ကျသည်ဟု ဆိုသည်။ ပြီးခဲ့သည့်လအတွင်းက စမ်းသပ်ပျံသန်းမှုတွင် အမြင့်ပေ ၁၄၀၀ ၌ ရှစ်မိနစ်ကြာ ပျံသန်းခဲ့ကြောင်း၊ လေကြောင်းလိုင်းများမှ ဂျက်လေယာဉ်ကြီးများမှာ အမြင့်ပေ ၃၅၀၀၀ မှ ပျံသန်းကြကြောင်း ကုမ္ပဏီမှ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❏

နိုင်ငံတကာ အားကစား

အက်သလက်တီကိုဘီဘာအိုမှ ဂျာဗီမာတီနက်ဇ်ကို ပေါင် ၂၈ သန်းဖြင့် ခေါ်ယူရန် မန်ယူအသင့်ရှိနေ

မန်ချက်စတာ ဧပြီ ၃

မန်ယူအသင်းသည် အက်သလက်တီကိုဘီဘာအိုအသင်းမှ ကွင်းလယ်ကစားသမား ဂျာဗီမာတီနက်ဇ်အား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့လာရန် မက်လုံးပေးလိုက်သည်။ ယင်းမှာ ယခုဘောလုံးရာသီသည် ၁၈ လတာကာလ၏ အရေးအကြီးဆုံးအချိန်ဖြစ်ရာ ဂျာဗီမာတီနက်ဇ်အား အိုးထရက်ဖို့ဒ်သို့ ရောက်ရှိလာရေးအတွက် ပြောင်းရွှေ့ကြေး ပေါင် ၂၈ သန်းအကုန်အကျခံကာ ခေါ်ယူရန် အသင့်အနေအထားတွင်ရှိကြောင်း မန်ယူအသင်းနည်းပြ ဆာအဲလက်စ်ဖာဂူဆန်က ပြောကြားလိုက်သည်။

ဖာဂူဆန်သည် အတွေ့အကြုံရှိသော အက်သလက်တီကိုဘီဘာအို ကွင်းလယ်လူ မာတီနက်ဇ်ကို ပထမဆုံးအကြိမ် ကမ်းလှမ်းခဲ့ခြင်းဖြစ်ပြီး အဆိုပါ စပိန်ငွေကြယ်ပွင့် မာတီနက်ဇ်ကို ခေါ်ယူလိုခြင်းမှာ ပေါလ်စခိုးနေရာတွင် **စာမျက်နှာ ၁၀ ကော်လံ ၅ သို့** ✳



အက်သလက်တီကိုဘီဘာအိုအသင်းမှ ကွင်းလယ်ကစားသမား ဂျာဗီမာတီနက်ဇ်။

နိုင်လင်းကြည်

မိမိတို့နေအိမ်တွင်

(က) အိမ်နှင့်ခြံဝင်းအတွင်း အမှိုက်သရိုက်များကို သန့်ရှင်းစွာထားပါ။
(ခ) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး၊ လှေကားများကို စနစ်တကျထားရှိပါ။
(ဂ) မီးငြိမ်းသတ်ရန် သီးသန့်ရေလှောင်ထားပါ။
(ဃ) လိုအပ်ပါက မီးသတ်ဆေးဘူးထားပါ။
(င) လောင်စာဆီများ မသိုလှောင်ပါနှင့်။
(စ) လောင်စာဆီအနီး မီးခြစ် ခြစ်ခြင်း၊ ဖယောင်းတိုင်ထွန်းခြင်း မပြုလုပ်ပါနှင့်။
(ဆ) ခြင်ဆေးခွေ၊ အမွှေးတိုင်၊ ဖယောင်းတိုင်များကို အောက်ခံခွက်မပါဘဲ အသုံးမပြုပါနှင့်။
(ဇ) လူမရှိဘဲ ဖယောင်းတိုင်၊ မီးခွက်ထွန်းမထားပါနှင့်။
(ဈ) ဆေးလိပ်တိုများကို မီးငြိမ်းပြီးမှ ပစ်ပါ။

မီးသတ်ဦးစီးဌာန

နိုင်ငံတကာ စီးပွားရေး

စရိတ်မြင့်မားလာမှုကြောင့် ဖက်ရှင်ကုမ္ပဏီကြီးများ တရုတ်နိုင်ငံကို စွန့်ခွာ

ပေကျင်း ဧပြီ ၃

ကမ္ဘာကျော် အမှတ်တံဆိပ်ပိုင်ရှင် ဖက်ရှင်ကုမ္ပဏီကြီးများသည် ၎င်းတို့၏ ထုတ်လုပ်မှုအခြေစိုက်ဒေသများအဖြစ် တရုတ်နိုင်ငံကိုစွန့်ခွာ၍ အရှေ့တောင်အာရှနိုင်ငံများနှင့် အီတလီနိုင်ငံနှင့် နီးစပ်သော ဖွံ့ဖြိုးဆဲနိုင်ငံများဆီသို့ ရွှေ့ပြောင်းလုပ်ကိုင်လျက်ရှိကြရာ ဤသည်မှာ ဤလုပ်ငန်းကဏ္ဍတွင် ပြောင်းလဲလာသောအခြေအနေများ၏ သဘာဝကျသောရလဒ်ဖြစ်ကြောင်း ကျွမ်းကျင်သူများက မကြာသေးမီက ပြောကြားခဲ့ကြသည်။

အီတလီဖက်ရှင်လုပ်ငန်းများအနက် နာမည်ကြီးအမှတ်တံဆိပ်အချို့ တူရကီနှင့် တူနီးရှားသို့ ရွှေ့ပြောင်းနေကြကြောင်း မီဒီယာများက ဖော်ပြခဲ့ကြခြင်းနှင့်ပတ်သက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ပေါချောင်ကောင်း လိုတရသည့် ပဒေသာပင်မြေဘဝကို မလွှဲမရှောင်သာ စွန့်လွှတ်ရမည့်အခြေအနေဆီသို့ ဦးတည်နေကြောင်းဖြင့် တရုတ်အမျိုးသားအထည်အလိပ်နှင့် ချုပ်ထည်လုပ်ငန်းကောင်စီ(CNTAC)၏ ဥက္ကဋ္ဌ ဝမ်ထျန်ကိုင်က သုံးသပ်ပြောကြားသည်။

ကမ္ဘာ့အကြီးဆုံး ကုန်ထုတ်စက်ရုံကြီးဟု တင်စားခေါ်ဝေါ်ကြသည့် တရုတ်နိုင်ငံတွင် ယမန်နှစ်က အလုပ်သမားများ၏ လုပ်ခနှင့် ကုန်ကြမ်းဈေးနှုန်းများ မြင့်တက်လာခဲ့ပြီး စားသုံးသူ ဈေးနှုန်းအညွှန်းမှာလည်း ၅ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်ဟု ဆိုသည်။

သာဓကအားဖြင့် ကွမ်တုန်ပြည်နယ်၏ ကုန်ထုတ်လုပ်မှုအချက်အချာမြို့ဖြစ်သော တုန်းဂူအန်၌ ဖေဖော်ဝါရီလဆန်းပိုင်းကစ၍ အလုပ်သမားများ၏ လုပ်ခ ၃၀ ရာခိုင်နှုန်း **စာမျက်နှာ ၁၀ ကော်လံ ၃ သို့** ✳

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပသည့် ဖက်ရှင်ပြပွဲ၌ မော်ဒယ်တစ်ဦး သရုပ်ပြနေစဉ်။